# ရန္တာပုံ နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ၊ ဧပြီလ ၂၁ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇) ၊ အမှတ်(၃၃၁) ၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၄ ရက်၊ ၃၁–၁၀–၂၀၂၄ ၊ ကြာသပတေးနေ့ ။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော အလုံးစုံသော ရုပ်နာမ်တို့သည်(လောကဥ် ရှိရှိသမျှ အားလုံးတို့သည်)အမြဲမရှိကုန်ဟု ပညာဖြင့် အမှန် သိမြင်သောအခါ သံသရာဝဋ်ဆင်းရဲ၌ ငြီးငွေ့၏။ ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်သော နိဗ္ဗာန်သို့ သွားရာလမ်းဖြစ်၏။ (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H. E. Mr. Heuangseng KHAMDALAVONG အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းလျက်ရှိမှုနှင့် အပြန်အလှန်ကုန်သွယ်မှုများ မြှင့်တင်နိုင်သည့်အခြေအနေများ ဆွေးနွေး

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H. E. Mr. Heuangseng KHAMDALAVONG အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ စာမျက်နှာ ၃ သို့ ✪

## ယနေ့ ဖတ်စရာအညွှန်း


မက်သီတဲလ်အား အငှားဖြင့် ခေါ်ယူရန် ဝါဒါဘရီမင်အသင်း စီစဉ် — စာမျက်နှာ ၁၁

ကထိန်တော်အလှူ ဆိုသည်မှာ (ဆောင်းပါး) — စာမျက်နှာ ၁၇


## တိမ်အနည်းငယ် ဖြစ်ထွန်းမည်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက် ည(၇:၀၀)နာရီအချိန် ထုတ်ပြန်ချက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၃၁ ရက်၊ ကြာသပတေးနေ့။

မန္တလေး

## ခရီးသွားခြင်း၏ အကျိုးကျေးဇူး

ခရီးသွားခြင်းသည် စိတ်အာရုံကို လန်းဆန်းစေသည်။ ကိုယ်ကျန်းမာတော့ စိတ်ရွှင်လန်းပြီး ကိုယ်နှင့်ဆိုသကဲ့သို့ ညည်းငွေ့ခြင်း၊ ပျင်းရိခြင်း၊ ထုံထိုင်းခြင်းတို့ ကင်းစင်ကာ အေးမြကြည်လင်သော အထိအတွေ့ကို ရရှိမည်ဖြစ်သည်။ လူတိုင်းတွင် ကိုယ်ခန္ဓာအတွက် စိတ်ကြည်လင်ခြင်းသည် ကျန်းမာမှုဆုကို ပေးစွမ်းနိုင်ပါသည်။ ထို့ကြောင့်ပင် တစ်နှယ်ငင် တစ်ပင်ပါဖြစ်သော အာရုံသစ်ကို ဖြစ်ထွန်းစေပါသည်။ ခရီးထွက်ခြင်းကြောင့် မိမိရှေ့မှောက်သို့ ရောက်ရှိလာသော အရာဟူသမျှသည် အသစ်အဆန်းများနှင့် ကြုံတွေ့ရတော့သည်။ အာရုံသစ်တို့ကို ဖန်တီးပုံဖော်ပေးလျက်ရှိသည်။ ခရီးထွက်ခြင်းကြောင့် မိတ်ဆွေသစ်များ တိုးပွားလာစေသည်။ ဒေသန္တရဗဟုသုတတို့လည်း တိုးပွားလာသည်။

ထို့ပြင် ခရီးသွားခြင်းသည် ဗဟုသုတပဒေသာပင် စိုက်ပျိုးခြင်းပင် ဖြစ်သည်။ ခရီးသွားလာခြင်းမှ ပေါက်ဖွားလာသော အကျိုးသက်ရောက်မှုများသည် မိုးကောင်းကင်တမျှ များပြားလှသည်။ ခရီးသွားခြင်းအမျိုးမျိုးရှိသည်။ ရည်ရွယ်ချက်ဖြင့်သွားခြင်း၊ ရည်ရွယ်ချက်မရှိဘဲသွားခြင်း၊ မိမိတိုင်းပြည်အတွင်း လည်ပတ်ခြင်း၊ ပြည်ပနိုင်ငံသို့ ခရီးထွက်ခြင်း၊ ဒေသန္တရဗဟုသုတရှာဖွေဖို့ ခရီးသွားခြင်းတို့ ပါဝင်ပြီး မည်သည့်ခရီးသွားခြင်းမဆို အထွေထွေဗဟုသုတကို ရရှိစေမှာဖြစ်သည်။ ရည်ရွယ်ချက်မရှိဘဲ အပျင်းပြေ ခရီးသွားခြင်းသည်ပင် ထိုခရီးအတွက် ထူးကဲသော အကျိုးကို ခံစားရမှာဖြစ်သည်။

ခရီးသွားခြင်းအတွက် ခဏတဖြုတ်အလည်အပတ် ဖြတ်သန်းသွားလာခြင်းပင်လျှင် တန်ဖိုးရှိလှသည်။ ရည်ရွယ်ချက်ဖြင့် သွားလာသည့် ခရီးသွားခြင်းမှာမူကား ခရီး၏ အကျိုးကျေးဇူးများက များပြားနေမည် ဖြစ်သည်။

လောကတွင် စူးစမ်းလေ့လာသူတို့အတွက် အရာရာ ဖြစ်ထွန်းစေသည်။ ထို့ကြောင့် ခရီးသွားပါ၊ ခရီးဆက်ပါ။ လောကအမြင်၊ ဘဝအမြင်တွေ ကျယ်ပြောပါမှ ကမ္ဘာ့ရွာမှာ နေထိုင်ရမှုမှာ တန်ရာကျမည်ဖြစ်သည်။ သွားဖန်များ ခရီးရောက်၊ ကိုယ့်လမ်းကိုယ်ဖောက်လည်း ဆိုရိုးရှိပါသည်။ အမြင်ကျဉ်းခဲ့လျှင် မမြင်ဘူး မှုးမြစ်ထင်ဆိုသောစကားသည် ဒေသန္တရဗဟုသုတ ခေါင်းပါးသူတို့အတွက် သတိပေးစကားပုံသာဖြစ်သည်။ လူသည် အမြင်ကျယ်နိုင်ပါမှ တော်ကာကျမည်ဖြစ်သည်။ အမြင်ကျယ်ဖို့ ခရီးသွားခြင်းဖြင့် ဖော်ဆောင်ရမည် ဖြစ်သည်။

သို့ဖြစ်ရာ ခရီးသွားခြင်း၏ အကျိုးကျေးဇူးအနှစ်သာရသည် ဗလငါးတန်လူတို့၏ အစစ်အမှန် ဤဗလငါးတန်မှာ ကျန်းမာခြင်း၊ ပညာရေး၊ စီးပွားရေး၊ ကိုယ်ကျင့်တရားနှင့် ပေါင်းသင်းဆက်ဆံရေးတည်းဟူသော ငါးပါးကို အလိုအလျောက်ဖြည့်ပေးနိုင်သည့် အနှစ်သာရပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း (Online Shop) များကို မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းဆောင်ရွက်ပါက အရေးယူသွားမည်



**မန္တလေး အောက်တိုဘာ ၃၀**

အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်း (Online Shop) များကို မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းဆောင်ရွက်နေမှုများ စစ်ဆေးတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူခြင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ သိရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနက ၂၀၂၃ ခုနှစ် ဇူလိုင်လမှာ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းများကို အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုအဖြစ် သတ်မှတ်ခဲ့ပြီး မှတ်ပုံတင်လျှောက်ထားခြင်းကို ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် စတင်လျှောက်ထားခွင့်ပြုခဲ့ရာ ၁၈-၁၀-၂၀၂၄ မှ ၂၄-၁၀-၂၀၂၄ ရက်နေ့အထိ မှတ်ပုံတင်ထားသည့် လုပ်ငန်းပေါင်း မန္တလေးတိုင်းဒေသကြီးအတွင်း ၁၅၄၀ ခု ရှိပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လုပ်ငန်းစုစုပေါင်း ၈၈၅၉ ခု ရှိသည်ဟု သိရသည်။

"စားသုံးသူရေးရာဦးစီးဌာနရဲ့ စစ်ဆေးရေးအရာရှိများအနေနဲ့ အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းနှင့်ပတ်သက်၍ မှတ်ပုံတင်လက်မှတ်ရရှိသူ၏ တာဝန်ဖောက်ဖျက်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ လျှောက်လွှာပုံစံပါ အချက်အလက်များ၊ အထောက်အထားများ မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ မြေပြင်ရောင်းချမှုနှင့် လျှောက်လွှာပါအချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိ စစ်ဆေးခြင်းများ ဆောင်ရွက်သွားမှာဖြစ်ပြီး မှတ်ပုံတင်လက်မှတ်မရှိဘဲ လုပ်ငန်းဆောင်ရွက်နေမှုများကို စစ်ဆေးတွေ့ရှိပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူမှုများပြုလုပ်သွားပါမယ်"ဟု မန္တလေးတိုင်းဒေသကြီးစားသုံးသူရေးရာဦးစီးဌာန ခေတ္တတိုင်းဒေသကြီးဦးစီးမှူး ဦးရဲလင်းထက်က ပြောသည်။ **(အပေါ်ပုံ)**

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အွန်လိုင်းမှတ်ပုံတင်ခြင်းကို စနစ်တကျပြုလုပ်ထားရန် လိုအပ်သည့်အပြင် စားသုံးသူကာကွယ်ရေးဥပဒေမှာ ပါဝင်သည့် တာဝန်များကို စောင့်ထိန်းရန် လိုအပ်ပြီး အွန်လိုင်းမှတ်ပုံတင်ထုတ်ပေးခြင်းသည် အွန်လိုင်းစနစ်ဖြင့် ရောင်းချခြင်းလုပ်ငန်းကိုသာ မှတ်ပုံတင်ပေးခြင်းဖြစ်ရာ ရောင်းချမည့် ကုန်စည်(သို့မဟုတ်)ဝန်ဆောင်မှုများသည် နိုင်ငံတော်၏ တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဌာနများ၏ စည်းကမ်းသတ်မှတ်ချက်များ၊ ထုတ်ပြန်ကြေညာချက်များနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရမည်ဖြစ်သည်။

ထို့ကြောင့် လုပ်ငန်းရှင်များအနေနှင့် မိမိတို့ထုတ်ကုန်များ၊ ရောင်းချသည့် ကုန်စည်များသည် စားသုံးသူကာကွယ်ရေးဥပဒေပါ ကုန်ညွှန်းအမှတ်အသားဖော်ပြချက်များနှင့် ကိုက်ညီစွာ ထုတ်လုပ်ဖြန့်ဖြူးရမည်ဟု သိရသည်။

**(မန္တလေးနေ့စဉ်-၅)**



## ပွင့်လင်းရာသီ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးခြင်းများ ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ပွင့်လင်းရာသီအတွင်း မီးဘေးလုံခြုံရေးအတွက် မီးသတိမူရေး အသိပေးခြင်း၊ စက်ရုံ၊ အလုပ်ရုံများနှင့် တစ်အိမ်တက်ဆင်း ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးရာတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ လမ်းညွှန်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ သန္တေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လိုက်ပါလျက် မြို့နယ်အတွင်းရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း သွားရောက်ကာ လျှပ်စစ်မီးသွယ်တန်းအသုံးပြုမှုအခြေအနေများ၊ မီးဖိုချောင်သုံးစွဲမှု၊ မီးကြွင်းမီးကျန် မရှိစေရေး၊ မီးသတ်ဆေးဘူးထားရှိအသုံးပြုမှုနှင့် မီးချိတ်မီးကပ်၊ သဲထားရှိမှုစသည်တို့ကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များအား ဖြန့်ဝေပေးခဲ့သည်။

ထို့အပြင် မီးသတ်ယာဉ်ဖြင့် တစ်လမ်းဝင် တစ်လမ်းထွက် လှည့်လည်၍ ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန် ရည်ရွယ်၍ မီးသတိမူရေး အသိပေးဟောပြောခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(ဝ၉၅)**

## မြို့နယ်အဆင့် အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

**ရေနံချောင်း အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် မြို့နယ်အဆင့် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၆၁ ဦးနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၇၅ ဦး စုစုပေါင်း ၁၃၆ ဦး ဝင်ရောက် ဖြေဆိုခဲ့ကြောင်း သိရသည်။

**ဆန်းညွန့်(ရေနံချောင်း)**

**သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper @gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )



## ○ နှစ်နိုင်ငံအကြား ခိုင်မာသောမိတ်ဆွေနိုင်ငံများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံများဖြစ်သည်နှင့်အညီ သမိုင်းတစ်လျှောက် နှစ်နိုင်ငံအကြား အပြန်အလှန် ကူညီဆောင်ရွက်ပေးမှုအခြေအနေများ ဆွေးနွေး

◌ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ခိုင်မာသော မိတ်ဆွေနိုင်ငံများအဖြစ် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လျက်ရှိမှုအခြေအနေများ၊ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဆွေဟောင်း နိုင်ငံများဖြစ်သည်နှင့် အညီ သမိုင်းတစ်လျှောက် နှစ်နိုင်ငံအကြား အပြန်အလှန်ကူညီဆောင်ရွက်ပေးမှု အခြေအနေများ၊ ချစ်ကြည်ရေးခရီးများ အပြန်အလှန်လည်ပတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်ဆောင်ရွက်နိုင်သည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား တိုက်ရိုက်လေကြောင်းပျံသန်းလျက်ရှိမှုနှင့် အပြန်အလှန် ကုန်သွယ်မှုများမြှင့်တင်နိုင်သည့် အခြေအနေများနှင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံအမတ်ကြီး H. E. Mr. Heuangseng KHAMDALAVONG အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ လာအိုသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော လာအိုနိုင်ငံသံအမတ်ကြီး မစ္စတာငွန်းဆဲန် ခမ်ဒါလာဗွန် ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-လာအို နှစ်နိုင်ငံအကြား ရှိရင်းစွဲ အစဉ်အလာရှိသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး ဖြစ်ပေါ်တိုးတက်မှုများကို သုံးသပ်ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှု အလားအလာများ၊ အထူးသဖြင့် နှစ်နိုင်ငံအကြား ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍ၊ ခရီးသွားကဏ္ဍနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုအစရှိသည့် ကိစ္စရပ်များသာမက ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်တို့အပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

## မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာ အထက(ခွဲ)၌ လူငယ်စကားဝိုင်းကျင်းပ

မိတ္ထီလာ အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာ အထက(ခွဲ)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

**ဆွေးနွေးပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့် ခရိုင်ပညာရေးမှူး ဒေါ်မော်မော်တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာ ရွှေညာမြေမြတ်သင်းကြိုင်က လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားပြီး စာရေးဆရာကိုသစ္စာ(ထီလာ)နှင့် စာရေးဆရာစံလင်းဦးတို့က လူငယ်အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေမည့် ကဗျာများကို ရွတ်ဖတ်ကြသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီခိုင်က ကျောင်းတွင် လူငယ်စကားဝိုင်းလာရောက်ကျင်းပပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးမင်းဇော်ဦးဆောင်၍ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်စာဖတ်ခြင်း၊ လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်စာရိတ္တ ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများထဲမှ ငါးဦးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ချမ်းသာ(မိတ္ထီလာ)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University အတွင်းရှိ ပြေးလမ်းအပါ ဘောလုံးကွင်းနှင့် ပွဲကြည့်စင် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Naypyitaw State Polytechnic University တည်ဆောက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ Naypyitaw State Polytechnic University တည်ဆောက်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်အား ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဦးမျိုးသန့်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ Naypyitaw State Polytechnic University မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာစိုးလင်းအောင်နှင့် ဆရာဆရာမများ၊ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Naypyitaw State Polytechnic University ပရိဝုဏ်အတွင်းရှိ ပြေးလမ်းအပါ ဘောလုံးကွင်းနှင့် ပွဲကြည့်စင် တည်ဆောက်နေမှု အခြေအနေများ၊ ကျောင်းသားအိပ်ဆောင်၊ ထမင်းစားဆောင်နှင့် အားကစားခန်းမ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ပင်မစာသင်ဆောင်အတွင်းသို့ ရောက်ရှိပြီး ကျောင်းသားစုဝေးခန်းမ၊ ဘွဲ့နှင်းသဘင်ခန်းမ၊ စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ ယာယီစာကြည့်တိုက်နှင့် အထောက်အကူပြုခန်းများ ဖွဲ့စည်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကဏ္ဍတစ်ခုချင်းစီအလိုက်

စာမျက်နှာ ၅ သို့ *



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်းသားအိပ်ဆောင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အားကစားခန်းမ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

❖ Naypyitaw State Polytechnic University သည် အများပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားမှုရှိသည့် တက္ကသိုလ်တစ်ခုဖြစ်သည့်အတွက် ပရိဝုဏ်အတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် အခြားအထောက် အကူပြုအဆောင်များအားလုံး အဆင့်မီမီဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့ ခိုင်မြဲရေး ဆောင်ရွက်

❖ အဆောက်အအုံများ ထည့်သွင်းတည်ဆောက်ရာတွင် ယခုလက်ခံနိုင်သည့် ကျောင်းသား ကျောင်းသူဦးရေနှင့် ဆရာ ဆရာမဦးရေ အရေအတွက်အပြင် ရေရှည်တိုးပွား လာနိုင်သည့် အရေအတွက်များအတွက်လည်း ကြိုတင် တွက်ချက် စဉ်းစားဆောင်ရွက်ထားရှိရန်လို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ယာယီစာကြည့်တိုက် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

* စာမျက်နှာ ၄ မှ

အသေးစိတ် လိုက်လံကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားသည်။

ထို့နောက် တက္ကသိုလ်ယာယီ ရှင်းလင်းဆောင်၌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်အတွင်း သုံးထပ်ပင်မ စာသင်ဆောင်အပါအဝင် ဝန်ထမ်းအိမ်ရာများ၊ စာသင်ဆောင်များ၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူအဆောင်များ၊ အားကစားကွင်းများ၊ စာကြည့်တိုက်နှင့် အခြားသင်ကြားမှု၊ သင်ယူမှု အထောက်အကူပြု အဆောက်အအုံများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုးချဲ့ပင်မဆောင် ဆက်လက်ဆောင်ရွက်သွားမည့် အဆိုပြုပုံစံများ ဆောင်ရွက်ထားရှိမှု၊ တက္ကသိုလ်အတွင်း မြန်မာနိုင်ငံ အင်ဂျင်နီယာပညာရေး နှစ် (၁၀၀) ပြည့် ရာပြည့်သဘင်အထိမ်းအမှတ်ရုပ်တု တည်ဆောက်ထားရှိနိုင်ရေး ဆောင်ရွက်နေမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ကြိုတင်တွက်ချက် စဉ်းစားဆောင်ရွက်

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ယခု Naypyitaw State Polytechnic University သည် အများပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စိတ်ဝင်စားမှုရှိသည့် တက္ကသိုလ်တစ်ခုဖြစ်သည့်အတွက် ပရိဝုဏ်အတွင်းရှိ စာသင်ဆောင်များ၊ အိပ်ဆောင်များနှင့် အခြားအထောက်အကူပြုအဆောင်များအားလုံး အဆင့်မီမီဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ အဆောက်အအုံများ ထည့်သွင်းတည်ဆောက်ရာတွင် ယခုလက်ခံနိုင်သည့် ကျောင်းသား ကျောင်းသူဦးရေနှင့် ဆရာ ဆရာမဦးရေ အရေအတွက်အပြင် ရေရှည်တိုးပွားလာနိုင်သည့် အရေအတွက်များအတွက်လည်းကြိုတင်တွက်ချက်စဉ်းစား ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ တက္ကသိုလ်ဖွင့်လှစ်ချိန်၌ လျာထားလက်ခံနိုင်မည့် ကျောင်းသားဦးရေမှ နှစ်အလိုက် တိုးတက်လာနိုင်သည့် ကျောင်းသား ကျောင်းသူဦးရေ အပေါ်မူတည်၍ ကျောင်းသား ကျောင်းသူ တိုးချဲ့၍ လက်ခံသင်ကြားပေးနိုင်ရေး အတွက်လည်း ကြိုတင်တွက်ချက်ဆောင်ရွက်ထားရှိရန် လိုကြောင်း၊ ကျောင်းဥပမိရပ် ကောင်းမွန်စေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုပြီး သစ်ပင်ပန်းမန်များ စနစ်တကျ ထည့်သွင်းစိုက်ပျိုးသွားရန်နှင့် စိုက်ပျိုးပြီးဖြစ်သည့် အပင်များ ဆက်လက်ရှင်သန်စေရေးအတွက်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန် လိုကြောင်း၊ အပင်ကြီးများ စိုက်ပျိုးရာတွင် ရေရှည်ကြီးထွားလာမည့် အခြေအနေများအထိ ကြိုတင်တွက်ချက် စဉ်းစားပြီးမှသာ စနစ်တကျ စိုက်ပျိုးသွားရန်လိုကြောင်း၊ ယခုပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်သဖြင့် လာမည့်နှစ် မိုးရာသီမတိုင်မီ ရေထုတ်စနစ်များအားလုံး ဆောင်ရွက်ပြီးစီးစေရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ တက္ကသိုလ်အတွင်း ဆိုလာစနစ်ဖြင့် လျှပ်စစ်မီးအသုံးပြုနိုင်ရေးအတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ရေ၊ မီး စနစ်များ စနစ်တကျ ဖြစ်စေရေး၊ သန့်ရှင်းသာယာလှပရေး တို့ကို အလေးထားတွက်ချက်ဆောင်ရွက်သွားရန်လိုကြောင်း လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်









# ယခုကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲကြီးသည် မိမိတို့အားလုံး၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုလည်းဖြစ်

○ စာမျက်နှာ ၂၄ မှ

အစည်းအဝေးသို့ ကျင်းပရေးဦးစီးကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ခမ်းခမ်းနားနားနှင့် အဓိပ္ပာယ်ရှိရှိ ကျင်းပရန်ရည်ရွယ်**

ဦးစွာ ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိတို့နိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များ နိုးကြားတက်ကြွစေနိုင်သည့်အတွက် မိမိတို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ခမ်းခမ်းနားနားနှင့် အဓိပ္ပာယ်ရှိရှိ ကျင်းပရန်ရည်ရွယ်ထားကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က စက်တင်ဘာလ ၂၅ ရက်တွင်ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် တပ်မတော် (ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် **"အားကစားတိုးတက်အောင်မြင်ခြင်းသည် နိုင်ငံသူနိုင်ငံသားများ၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးနိုင်ပြီး လူသားအရင်းအမြစ်များ တိုက်ရိုက်ဖွံ့ဖြိုးစေနိုင်ကြောင်း"** ထည့်သွင်းမိန့်ကြားခဲ့ကြောင်း၊ ၎င်းမှာ နိုင်ငံနှင့်ပြည်သူလူထုအတွက် အားကစားကဏ္ဍသည် မည်မျှအရေးကြီးသည်ကို လမ်းညွှန်မှာကြားခြင်းပင်ဖြစ်ကြောင်း။

အမျိုးသား အားကစားပွဲတော်များကို ယခုအချိန်ထိ (၄)ကြိမ် ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပထမအကြိမ်ကို ၁၉၉၂ ခုနှစ် မေလ ၃ ရက်နေ့မှ ၁၆ ရက်နေ့ထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၂ နည်း၊ ဒုတိယအကြိမ်ကို ၁၉၉၄ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်နေ့မှ ဖေဖော်ဝါရီလ ၆ ရက်နေ့ထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၄ နည်း၊ တတိယအကြိမ်ကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၁ရက်နေ့မှ ၂၄ ရက်နေ့ထိ ရန်ကုန်မြို့တွင် အားကစားနည်း ၂၉ နည်း၊ စတုတ္ထအကြိမ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်နေ့မှ ၂၈ ရက်နေ့ထိ နေပြည်တော်တွင် အားကစားနည်း ၂၇ နည်းတို့ဖြင့် ကျင်းပခဲ့ကြောင်း။

ယခုကျင်းပမည့် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကို ကျင်းပရန်မှာ အချိန်အားဖြင့် (၁)လကျော်ခန့်သာ ကျန်ရှိတော့သည့်အတွက် ပြိုင်ပွဲကျင်းပနိုင်ရေး ဖွဲ့စည်းပေးထားသည့် ကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိသူများအနေဖြင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ ပြင်ဆင်ပြီးစီးနေကြပြီဟု ယူဆပါကြောင်း။

ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်အဆင့်နှင့်အညီ ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးနှင့် ပြိုင်ပွဲများ အဆင့်အတန်းမီမီ ကျင်းပနိုင်ရေးတို့အတွက် ကော်မတီ၊ ဆပ်ကော်မတီများ၏ ပြင်ဆင်ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ဆဲ၊ ဆောင်ရွက်ရန်ကျန်ရှိသည့် လုပ်ငန်းအခြေအနေများကို ယနေ့အစည်းအဝေးတွင် တင်ပြပေးကြရန်လိုကြောင်း။

အလားတူ ယနေ့အစည်းအဝေးကို တက်ရောက်လာကြသည့် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ဝန်ကြီးချုပ်များအနေဖြင့်လည်း မိမိတို့ ပြည်နယ်/တိုင်းဒေသကြီးအလိုက် ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် အဆင့်အတန်းမီမီ အောင်မြင်စွာ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို တင်ပြပေးရန် မှာကြားလိုကြောင်း။

**ညှိနှိုင်းဆောင်ရွက်**

ပြိုင်ပွဲကြီး ပြီးသွားသည့်အခါတွင်လည်း ဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအနေဖြင့် မိမိတို့ဌာနနှင့် ဒေသအလိုက် ကိုယ်စားပြုပြီး စွမ်းစွမ်းတမံ ပါဝင်ယှဉ်ပြိုင် ဆုတံဆိပ်ဆွတ်ခူးရရှိခဲ့သည့် အားကစားသမားများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးအပ်ခြင်း စသည်ဖြင့် စီစဉ်ဆောင်ရွက်ပေးပြီး အားပေးသွားကြရန်လိုကြောင်း၊ ယခုပြိုင်ပွဲကြီးမှတစ်ဆင့် နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်ရရှိလာမည့် အားကစားသမားများကို စွမ်းရည်တိုးတက်ကောင်းမွန်အောင် ကျွေးမွေးမှု (Sports Nutrition) အပိုင်းတွင်လည်း အားကစားနည်းအလိုက် သိပ္ပံနည်းကျ စနစ်တကျနှင့် ကယ်လိုရီတွက်ချက်ကျွေးမွေးစေရေး၊ ခွန်အားတိုးရန် တားမြစ်ဆေးမသုံးစွဲဘဲ တိုင်းရင်းဆေးဝါးများနှင့် ဖော်စပ်ကျွေးမွေးစေရေးတို့ကို ဆောင်ရွက်ရေး စသည်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ရန် တိုက်တွန်းမှာကြားလိုကြောင်း။

ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရန် (၁)လ လိုအပ်သည့်အချိန် နိုဝင်ဘာလဆန်းပိုင်းကစပြီး ပြည်သူများစိတ်ဝင်စားစွာနှင့် စောင့်မျှော်အားပေးနိုင်ရန်အတွက် အမျိုးသားအားကစားပွဲတော်နှင့် စပ်လျဉ်းသည့် မီဒီယာကဏ္ဍ လှုံ့ဆော်မှုများ၊ ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြိုင်ပွဲဝင်အသင်းအသီးသီး၏ပြင်ဆင်နေမှု အင်တာဗျူးများ၊ နားထောင်သူတိုင်း နားထဲ သံမှိုစွဲသလို ရောက်ရှိစေမည့် အားကစားပွဲဆိုင်ရာ သီချင်းအသစ်များ၊ ပညာပေးဓာတ်လမ်းတို၊ ဟာသဓာတ်လမ်းတို စသည်များဖြင့် Social Media, Print Media, Broadcast Media တို့တွင် ပေါ့ပေါ့ပါးပါး Shortcut များဖြင့်ဖော်ပြပြီး ပြည်သူလူထုကို ကြိုတင်လှုံ့ဆော်နိုင်ရေး စီစဉ်ဆောင်ရွက်ရန်လည်းလိုကြောင်း။

ပြိုင်ပွဲများကို သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ကျင်းပသွားရန်လိုအပ်ကြောင်း၊ သို့မှသာ မလိုလားအပ်သည့် အငြင်းပွားမှုများ၊ ကန့်ကွက်မှုများ မရှိနိုင်မည်ဖြစ်သကဲ့သို့ ပြိုင်ပွဲ၏ ရလဒ်များသည်လည်း မှန်ကန်တိကျပြီး နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်လျာထားမှုသည်လည်း ပိုမိုထိရောက် အကျိုးရှိနိုင်မည်ဖြစ်ကြောင်း၊ မျှတစွာ ယှဉ်ပြိုင်အားပေးမှုများနှင့် နိုင်ငံ၏ဂုဏ်နှင့် အားကစားအဆင့်အတန်းမြင့်မားစေနိုင်သည့် ပြိုင်ပွဲကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**စနစ်တကျရွေးချယ်**

ယခုကျင်းပမည့် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် (၃၃) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာ အားကစားပြိုင်ပွဲများအတွက် အလားအလာရှိသည့် လက်ရွေးစင် အားကစားသမားများ၊ မျိုးဆက်သစ် အားကစားသမားများ ရွေးချယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ရွေးချယ်ရာတွင် အမှန်တကယ်အရည်အချင်းရှိသူများကို စိစစ်ရွေးချယ်နိုင်ရေးအတွက် အားကစားနည်းအလိုက်အံဝင်ခွင်ကျရှိမည့် စံနှုန်းသတ်မှတ်ချက်နှင့်အညီ နည်းစနစ်ကျွမ်းကျင်သူများဖြင့် စနစ်တကျရွေးချယ်သွားရန် မှာကြားလိုကြောင်း။

ပြည်နယ်များနှင့် တိုင်းဒေသကြီးအသီးသီးမှ အားကစားသမားများ နေပြည်တော်ကိုရောက်ရှိပြီး ပြိုင်ပွဲများ ကျင်းပနေစဉ်ကာလအတွင်း ၎င်းတို့၏ နေထိုင်စားသောက်ရေး၊ ကျန်းမာရေး၊ အုပ်ချုပ်ရေးဆိုင်ရာ လိုအပ်ချက်များကို ဆပ်ကော်မတီအလိုက် စေ့စေ့စပ်စပ်နှင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အားကစားသမားများ စိတ်အေးချမ်းသာစွာဖြင့် ပြိုင်ပွဲကြီးကို စိတ်ပါဝင်စားစွာ အဆင်ပြေပြေ ယှဉ်ပြိုင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်နှင့် ပြိုင်ပွဲကာလအတွင်း ကျန်းမာရေးကအစ မတော်တဆမှုများ၊ ထိခိုက်ဒဏ်ရာရမှုများ၊ ထူးခြားဖြစ်စဉ်များမရှိအောင် တာဝန်ရှိသူများနှင့် အသင်းလိုက်အုပ်ချုပ်သူများက ကြပ်မတ်ပြီး အားနည်းချို့ယွင်းချက် နည်းနိုင်သမျှနည်းနည်းနှင့် ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

ယခုကျင်းပမည့်အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပြိုင်ပွဲအဖြစ်သာ မရှုမြင်ဘဲ နိုင်ငံတော်အဆင့်အဓိပ္ပာယ်ရှိရှိ၊ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျအောင်မြင်အောင် ဆောင်ရွက်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူဆောင်ရွက်ကြရန်လိုကြောင်း၊ ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များကလည်း ကြီးမားကျယ်ပြန့်ခြင်းကြောင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များ၊ မြန်မာ့လက်ရွေးစင် အားကစားသမားဟောင်းကြီးများ၊ NGO အဖွဲ့အစည်းများ၊ မီဒီယာလောကသားများအပါအဝင်ပြည်သူလူထုတစ်ရပ်လုံးက ကိုယ်စီကိုယ်စီ ကျရာအခန်းကဏ္ဍအလိုက် အမျိုးသားရေးအသိစိတ်ဓာတ်နှင့်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် **"စည်းလုံးညီညာ အောင်ကြောင်းဖြာ"** ဆိုသကဲ့သို့ အမျိုးသားအားကစားပွဲတော်ကြီးကို အောင်မြင်စွာ ကျင်းပနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယခုကျင်းပမည့်အမျိုးသားအားကစားပြိုင်ပွဲကြီးသည် မိမိတို့အားလုံး၏ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိမှု၊ စည်းလုံးညီညွတ်မှု၊ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများနှင့် တည်ငြိမ်အေးချမ်းမှုများကို ဖော်ထုတ်ပြသနိုင်မည့် အခွင့်အလမ်းတစ်ခုလည်း ဖြစ်ကြောင်း၊ ထို့ကြောင့် တာဝန်ယူဆောင်ရွက်ကြမည့် လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများအနေဖြင့် စီမံချက်ပါ လုပ်ငန်းတာဝန်များကို လစ်ကွက် ဟာကွက်မရှိစေဘဲ အောင်မြင်ပြီးမြောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် မမျှော်မှန်းနိုင်သည့် လုပ်ငန်းအခက်အခဲများ ပေါ်ပေါက်လာပါကလည်း တာဝန်ရှိသူအဆင့်ဆင့်က အချိန်နှင့်တစ်ပြေးညီ တင်ပြပြီး အဆင်ပြေအောင် ဆောင်ရွက်သွားကြရန်၊ အထူးသဖြင့် ဆောင်ရွက်မှုတိုင်းအတွက် လုံခြုံရေးသတိ၊ လုံခြုံရေးအသိနှင့် ဆောင်ရွက်ကြရန်လိုကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ အမျိုးသားအားကစားပွဲတော် အထိမ်းအမှတ်ဆိုင်ရာများ၊ ပြိုင်ပွဲအစီအစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကျင်းပရေးကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများက ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲ/ပိတ်ပွဲ အခမ်းအနားများကို ခေတ်ကာလနှင့်လျော်ညီစွာ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်လျာထားချက်များ၊ သက်ဆိုင်ရာ အားကစားနည်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အခြေအနေများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေးတင်ပြ**

ဆက်လက်၍ပို့ဆောင်ဆက်သွယ်ရေးဆပ်ကော်မတီ၊ မီးရှူးမီးပန်းပစ်ဖောက်ရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ ဘဏ္ဍာရေးနှင့် ဆုချီးမြှင့်ရေးဆပ်ကော်မတီ၊ သတင်းထုတ်ပြန်ရေးနှင့် မှတ်တမ်းတင်ရေး ဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ပြိုင်ပွဲကျင်းပရေးနှင့် နည်းစနစ်ဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ တည်းခိုနေထိုင်ရေးနှင့် ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီနှင့် ခုံသမာဓိဆပ်ကော်မတီနှင့် မျိုးဆက်သစ်အားကစားသမားများ ရွေးချယ်ရေးဆပ်ကော်မတီတို့မှဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက ပဋ္ဌမအကြိမ် အမျိုးသားအားကစားပွဲတော် အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားကြမည့်အစီအမံများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပဋ္ဌမအကြိမ်အမျိုးသားအားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

- ❖ **ပြိုင်ပွဲများကို သတ်မှတ်စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စနစ်တကျ ကျင်းပသွားရန် လိုအပ်**
- ❖ **သို့မှသာ မလိုလားအပ်သည့် အငြင်းပွားမှုများ၊ ကန့်ကွက်မှုများ မရှိနိုင်မည်ဖြစ်သကဲ့သို့ ပြိုင်ပွဲ၏ ရလဒ်များသည်လည်း မှန်ကန်တိကျပြီး နိုင်ငံ့လက်ရွေးစင်အဖြစ် ရွေးချယ်လျာထားမှုသည်လည်း ပိုမိုထိရောက် အကျိုးရှိနိုင်မည်**
- ❖ **မျှတစွာ ယှဉ်ပြိုင်အားပေးမှုများနှင့် နိုင်ငံ၏ဂုဏ်နှင့် အားကစားအဆင့်အတန်း မြင့်မားစေနိုင်သည့် ပြိုင်ပွဲကြီးဖြစ်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်**

# ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်နိုင်ခဲ့သည့် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှ ပထမဆုရရှိသူများ၏ ယှဉ်ပြိုင်ခဲ့မှုမှတ်တမ်း



အကပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ သားချစ်စွမ်း(ခ)သီဟအောင် ကပြယှဉ်ပြိုင်ဟန်။




အိုးစည်အတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးမှ ဦးဗိုလ်ထွားနှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။




တယောအတီးပြိုင်ပွဲ ဝါသနာရှင်ပထမတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် ကယားပြည်နယ်မှ ဦးရဲထွဋ်အောင် "စိန်ကြောင်နီလာ"(ပတ်ပျိုး) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။



ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်ဒုတိယတန်းအဆင့်(အမျိုးသား)၌ ပထမဆုရရှိသည့် မွန်ပြည်နယ်မှ ဦးဇော်မင်း(ခ) ဖိုးလပြည့်နှင့်အဖွဲ့ တီးခတ်ယှဉ်ပြိုင်စဉ်။




ခေတ်ဟောင်း/ကာလပေါ်တေး အဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသမီး အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ၌ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးမှ မသွန်းဝတီထွဋ် "မြန်မာ့ဂီတ လှပဝေဆာ" သီချင်းဖြင့် သီဆိုယှဉ်ပြိုင်စဉ်။



စန္ဒရားအတီးပြိုင်ပွဲ အခြေခံပညာအဆင့်(အမျိုးသား အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ပထမဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မောင်ပြည့်ဘုန်းသျှန် "သောင်းသောင်းညံ" (ယိုးဒယား) သီချင်းဖြင့် တီးခတ်ယှဉ်ပြိုင်စဉ်။

## အမျိုးသမီးတစ်ဦးအပါအဝင် အာကာသယာဉ်မှူး သုံးဦး ရှင်ကျိုး ၁၉ အာကာသယာဉ်ဖြင့် အာကာသစခန်းသို့သွားရောက်

**ပေကျင်း အောက်တိုဘာ ၃၀**



အမျိုးသမီးတစ်ဦးအပါအဝင် အာကာသယာဉ်မှူး သုံးဦး အောက်တိုဘာ ၃၀ ရက်က ရှင်ကျိုး ၁၉ အာကာသယာဉ်ဖြင့် တရုတ်အာကာသစခန်းသို့ သွားရောက်ခဲ့ကြောင်း စီအင်န်အေ သတင်းဌာနက ဖော်ပြသည်။

၎င်းတို့စီးနင်းလိုက်ပါသွားသော အာကာသယာဉ်ကို တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ကန်စုနယ်ရှိ ကျိုချွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှလွှတ်တင်သော လောင်းမတ်ချ်ဒုံးပျံဖြင့် ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်သည်။

တရုတ်နိုင်ငံတွင် ပထမဆုံး အာကာသခရီးနှင်ခွင့်ရသည့် အမျိုးသမီးအာကာသအင်ဂျင်နီယာ ဝမ်ဟောင်ကျဲ၊ ဆုန်လင်တုန်နှင့် စိုင်ရွှေကျဲတို့ သုံးဦးသည် ၆ နာရီခွဲခန့်ကြာအောင် ခရီးနှင်ပြီးနောက် ညဉ်းပိုင်းတွင် တယန်ကောင်း အာကာသစခန်းသို့ ဘေးကင်းလုံခြုံစွာဖြင့် ရောက်ရှိသွားခဲ့ကြသည်။

အဆိုပါအာကာသယာဉ်မှူး သုံးဦးသည် ကမ္ဘာမြေသို့ပြန်မည့် အာကာသယာဉ်မှူးများနေရာတွင် အစားဝင်ရောက်ပြီး ထိုအာကာသစခန်း၌ ၆ လကြာ တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**






နော်ဝေနိုင်ငံ အော်စလိုမြို့လယ်တစ်နေရာတွင် အောက်တိုဘာ ၂၉ ရက်ကဖြစ်ပွားကာ လူလေးဦး ဒဏ်ရာရစေခဲ့သော မြို့ပတ်ဓာတ်ရထားတိမ်းမှောက်မှုမြင်ကွင်းကို တွေ့ရစဉ်။ **Mon**

## ထရမ့် အာဏာပြန်ရလျှင် အန္တရာယ်ကြီးမားလိမ့်မည်ဟု ပြိုင်ဘက်သမ္မတလောင်း ကာမာလာဟဲရစ် သတိပေး

**ဝါရှင်တန် အောက်တိုဘာ ၃၀**

ရွေးကောက်ပွဲနိုင်ပြီး ဒေါ်နယ်လ်ထရမ့် အာဏာပြန်ရလျှင် အန္တရာယ်ကြီးမားလိမ့်မည်ဟု ၎င်း၏ပြိုင်ဘက်သမ္မတလောင်း ကာမာလာဟဲရစ်က အောက်တိုဘာ ၂၉ ရက်တွင် သတိပေးလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ဇန်နဝါရီ ၆ ရက် ဖြစ်ရပ်ဖြစ်ပွားခဲ့သည့် ဝါရှင်တန်မြို့တော်ရှိ သမ္မတအိမ်ဖြူတော်အနီး မဲဆွယ်စည်းရုံးရေးလှုပ်ရှားမှုပြုလုပ်စဉ် ကာမာလာက ထိုသို့ သတိပေးခဲ့ခြင်း ဖြစ်သည်။

ကက်ပီတောလွှတ်တော်ထဲသို့ လူရမ်းကားများဝင်ရောက်စေရန် ထိုစဉ်က လူစုလူဝေးကို သမ္မတဖြစ်ခဲ့သည့် ဒေါ်နယ်လ် ထရမ့် သွေးထိုးလှုံ့ဆော်ပေးခဲ့သည်ဟု ဒီမိုကရက်များဘက်က အတိအလင်းစွပ်စွဲခဲ့ကြောင်း သိရသည်။

**Mon**



## လက်ဘနွန်အခြေစိုက် ဟစ်ဇဘိုလာပြောက်ကျားအုပ်စု နာအင်မ်ကွပ်ဆင်ကို ခေါင်းဆောင်အဖြစ် သတ်မှတ်ကြေညာ

**ဘေရွတ် အောက်တိုဘာ ၃၀**

လက်ဘနွန်နိုင်ငံ၌ အခြေစိုက်သော ဟစ်ဇဘိုလာပြောက်ကျားအုပ်စုက ဒုတိယအတွင်းရေးမှူးချုပ် နာအင်မ်ကွပ်ဆင်ကို ခေါင်းဆောင်အဖြစ် အောက်တိုဘာ ၂၉ ရက်က သတ်မှတ်ကြေညာလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

နှစ် ၃၀ ကျော်မျှ ဒုတိယအတွင်းရေးမှူးချုပ်တာဝန် ထမ်းဆောင်ခဲ့သော ၎င်းကို ရှူရာကောင်စီ၏အစဉ်အလာနှင့်အညီ ခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ မိသားစုတစ်စုမှ မွေးဖွားလာသော နာအင်မ်ကွပ်ဆင်ကို ၁၉၅၃ ခုနှစ်က ဘေရွတ်မြို့တွင် မွေးဖွားခဲ့သည်။

၎င်းသည် ဟစ်ဇဘိုလာ ပြောက်ကျားအုပ်စုတည်ထောင်သူတစ်ဦးဖြစ်ပြီး ခေါင်းဆောင်ဟောင်း နာဆရာလာ ကျဆုံးပြီးနောက်ပိုင်းတွင် ရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းသုံးကြိမ်ပြောခဲ့ဖူးကြောင်း သိရသည်။

**Mon**

0-0-0-0-0



## စပိန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသ၌ မိုးသည်းထန် ရေကြီးမှုကြောင့် လမ်းများ၊ လူနေအိမ်များ ပျက်စီး

**မက်ဒရစ် အောက်တိုဘာ ၃၀**



စပိန်နိုင်ငံအရှေ့တောင်ပိုင်းဒေသ၌ အောက်တိုဘာလနှောင်းပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းရာ နောက်ဆက်တွဲရေကြီးမှုကြောင့် လမ်းများ၊ လူနေအိမ်များ ပျက်စီးခဲ့ရသည်ဟု ဗလင်စီယာဒေသအုပ်ချုပ်ရေးမှူး ကားလို့စ်မာဇွန်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အထူးသဖြင့် ဗလင်စီယာဒေသ၏အရှေ့ပိုင်း၌ မိုးရေချိန် မီလီမီတာ ၂၀၀ အထိ စံချိန်တင်ရွာသွန်းကာ ရေဘေးသင့်မှုအခြေအနေ အဆိုးရွားဆုံးဖြစ်ခဲ့ကြောင်း ၎င်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရေဘေးသင့်ဒေသအသီးသီးသို့ အစိုးရကယ်ဆယ်ရေးအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းများ သွားရောက်ကာ ပျောက်ဆုံးနေသူများကို လိုက်လံရှာဖွေကယ်ဆယ်ခဲ့ကြသည်။

မီးသတ်နှင့်ကယ်ဆယ်ရေးသမားများ ရဟတ်ယာဉ်အသုံးပြုပြီး ဝေးလံသောနေရာများအထိ သွားရောက်ကယ်ဆယ်ခဲ့ကြသည်။

အောက်တိုဘာ ၃၀ ရက်တွင် ပေါ်ထွက်လာသော ရှာဖွေကယ်ဆယ်ရေးရလဒ်အရ သေဆုံးသူ ၁၀ ဦးကျော်ရှိခဲ့ကြောင်း သိရသည်။

**Mon**

## ဆစ်ခ်ခွဲထွက်ရေးသမား အသတ်ခံခဲ့ရသောကိစ္စ အိန္ဒိယပြည်ထဲရေးဝန်ကြီး အမစ်ရှား စွပ်စွဲခံရပြန်

**ဒေလီ အောက်တိုဘာ ၃၀**

ဆစ်ခ်ခွဲထွက်ရေးသမား ဟာဒိပ်ဆင်းနီဂျား အသတ်ခံခဲ့ရသောကိစ္စနှင့်ပတ်သက်၍ အိန္ဒိယပြည်ထဲရေးဝန်ကြီး အမစ်ရှား အောက်တိုဘာ ၂၉ ရက်တွင် ကနေဒါနိုင်ငံ၏ စွပ်စွဲခြင်းခံရပြန်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အမေရိကန်အခြေစိုက် ဝါရှင်တန်ပို့စ်သတင်းစာတွင် ထိုစွပ်စွဲခံရခြင်းနှင့်ပတ်သက်၍ ကနဦး ဖော်ပြခဲ့သည်။

အဆိုပါသတင်းစာထွက်ရှိလာပြီးနောက် ကနေဒါဒုတိယနိုင်ငံခြားရေးဝန်ကြီး ဒေးဗစ်မော်ရစ်ဆန်က မီဒီယာထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ပါလီမန်အစည်းအဝေးတွင် ရှင်းလင်းပြောပြသည်။

ပြည်ထဲရေးဝန်ကြီး အမစ်ရှား ထိုသို့စွပ်စွဲခံရသည့်သတင်းထွက်ပေါ်လာအပြီးတွင် အခြေအမြစ်မရှိသော စွပ်စွဲချက်သာဖြစ်သည်ဟု အိန္ဒိယအစိုးရက ချက်ချင်း တုံ့ပြန်ကြေညာခဲ့ကြောင်း သိရသည်။

**Mon**



## ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ဘိတ်လဟီယာမြို့ကို အစ္စရေးလေကြောင်းတိုက်ခိုက် လူ ၉၃ ဦး သေဆုံး

**ဂျေရုဆလင် အောက်တိုဘာ ၃၀**

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ ဘိတ်လဟီယာမြို့ကို အစ္စရေးတပ်ဖွဲ့များ အောက်တိုဘာ ၂၉ ရက်တွင် လေကြောင်းတိုက်ခိုက်မှုပြုလုပ်ရာ လူ ၉၃ ဦး ထက်မနည်း သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၅ ထပ်တိုက်အဆောက်အအုံကို အစ္စရေးဘက်က ဦးတည်တိုက်ခိုက်သဖြင့် ပြိုကျပျက်စီးကာ လူအသေအပျောက်များခဲ့ခြင်းဖြစ်ကြောင်း ဟားမတ်စ်ကျန်းမာရေးဝန်ကြီး ဌာနက အတည်ပြုသည်။

ကလေးသူငယ်များအပါအဝင် အရပ်သားများထိခိုက်သေဆုံးခဲ့သဖြင့် အလွန်စိတ်မကောင်းဖြစ်မိသည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရသူ မက်သယူးမီလာက ထုတ်ဖော်ပြောကြားကြောင်း သိရသည်။

**Mon**



**STOP AIDS**

## မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် လူထုအခြေပြု ဗဟိုဌာနတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ယမန်နေ့ မွန်းလွဲ ၂နာရီက မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးအသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးက မူးယစ်ဆေးသုံးစွဲခြင်း၏ စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများဖြစ်သည့် စိတ်ဓာတ်ကျရောဂါများအကြောင်းနှင့် မိမိကိုယ်မိမိသေကြောင်းကြံစည်ခြင်း၊ စိတ်ရောဂါဖြစ်ခြင်း၊ မှတ်ဉာဏ်ချို့ယွင်းခြင်း၊ လိင်စိတ်အားနည်းခြင်း၊ ပြင်းထန်စွာ စိုးရိမ်ကြောင့်ကျမှုဖြစ်ခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများဖြစ်သည့် AIDS (ခေါ်) ခုခံအားကျဆင်းမှုရောဂါဖြစ်ခြင်း၊ ဆေးလွန်သဖြင့် မိန်းမောစွာ အိပ်မပျော်ခြင်း၊ သတိမေ့မြောသွားခြင်း၊ အခန့်မသင့်လျှင် အသက်ဆုံးရှုံးခြင်း၊ ထုံနာ၊ ကျင်နာ၊ အကြောသေရောဂါဖြစ်ခြင်း၊ ဝက်ရူးပြန်တတ်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ရောဂါ၊ အသည်းရောဂါ၊ သွေးကြောပိတ်ရောဂါဖြစ်ခြင်း၊ ခန္ဓာကိုယ်အနှံ့အပြား အနာစိမ်းများပေါက်၍ သွေးဆိပ်တက်ခြင်းများအကြောင်း အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နင်းရီက အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒများ ဖြစ်သည့်ထုတ်လုပ်မှု လျှော့ချရေးနှင့်အစားထိုးဖွံ့ဖြိုးရေး၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲအန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေး၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးအကြောင်းများနှင့်မဟာဗျူဟာနှင့် နည်းဗျူဟာများဖြစ်သည့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းရေး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဘိန်းစိုက်ပျိုးမှုလုံးဝချုပ်ငြိမ်းပပျောက်ရေး၊ သုံးစွဲသူပပျောက်ရေး၊ ထုတ်လုပ်မှုပပျောက်ရေး၊ တားဆီးနှိမ်နင်းရေးစသည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများက ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော သုတ၊ ရသစာအုပ်များနှင့် အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြောင်းနှင့် စာအုပ်၊ စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စုစုအေး(ကျောက်ဆည်)

၀-၀-၀-၀-၀-၀-၀





## ဈေးများ မီးဘေးအန္တရာယ်ကင်းဝေးစေရန် စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ တံခွန်တိုင်ဈေးနှင့်စက်မှုဈေးများအား မီးဘေးအန္တရာယ်ကင်းဝေးစေရန်နှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိစေရေးအတွက် အောက်တိုဘာ ၂၃ရက် နံနက် ၉နာရီက ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထို့သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦး ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့နှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ဈေးများအတွင်း မီးသတ်ရေလှောင်ကန်နှင့်မီးသတ်စက်များစစ်ဆေးခြင်း၊ မီးသတ်ဆေးဘူးများ တပ်ဆင်ထားရှိရေးစသည့် ကိစ္စရပ်များအား အသိပညာပေးရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များသည် ဈေးသူ၊ ဈေးသားများအား မီးလောင်မှုဖြစ်ပေါ်လာပါက လျင်မြန်စွာ မီးငြိမ်းသတ်နိုင်ရေးနှင့် မီးငြိမ်းသတ်ရေးနည်းလမ်းများ စနစ်တကျရှိရေးအပြင် မီးသတ်ဦးစီးဌာနမှ မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ကြေညာချက်များအား လိုက်နာကြရန်အတွက် အသိပညာပေးပြောကြားကာ လက်ကမ်းစာဆောင်များဝေငှခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့အပြင် မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်အတွင်း မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး လိုက်နာဆောင်ရွက်နိုင်ကြစေရန်အတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ အသိပညာပေးဟောပြောခြင်းများ၊ အစိုးရဌာနဆိုင်ရာရုံးများအပြင် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ၊ ဈေးဆိုင်များနှင့် နေအိမ်များတွင် မီးဘေးအန္တရာယ်ဖြစ်ပေါ်ခြင်းမှကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်အသိပညာပေးခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၇)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းမိ

**မိတ္ထီလာ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်နန်းတော်ကုန်းရပ်ကွက်၊ ချမ်းအေးသာယာတိုးချဲ့ရပ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၃ ပြား အလေးချိန်(၄ ဒသမ ၇၇) ဂရမ်ရောင်းချသုံးစွဲသူနှစ်ဦးနှင့် အတူဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၇ရက် နံနက် ၁၀ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၅၅)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တားဆီးနှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် သတင်းအရ နန်းတော်ကုန်းရပ်ကွက်၊ ချမ်းအေးသာယာတိုးချဲ့ရပ်နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အိမ်ရှင်သန္တာစိုးအား တွေ့ရပြီး ယာဘက်လက်အတွင်းဆုပ်ကိုင်ထားသည့် ကော်ဖီမစ်ထုပ်အတွင်းမှ WYစာတန်းပါ လိမ္မော်ရောင် စိတ်ကြွရူးသွပ်ဆေးပြား ၅၃ပြား၊ အလေးချိန် (၄ ဒသမ ၇၇)ဂရမ်နှင့်မူးယစ်ဆေးဝါးသုံးဆက်စပ်ပစ္စည်းများအား ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

မူးယစ်တပ်ဖွဲ့ဝင်များသည် သန္တာစိုး၏ ထွက်ဆိုချက်ဖြင့် မူးယစ်ဆေးဝါးများရောင်းချပေးသူ တစ်ရပ်ကွက်တည်းနေ စိန်မာလွင်၏နေအိမ်အား အသိသက်သေများဖြင့် သွားရောက်ရှာဖွေရာမှ အိပ်ခန်းအတွင်း ကြမ်းပြင်ပေါ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သုံးစွဲရာတွင် အသုံးပြုသည့် ပိုက်တပ်လျက် ကော်ဘူးနှစ်ဘူး၊ ခဲပြားခြောက်ခု၊ ဂက်စ်မီးခြစ်တစ်လုံးအား တွေ့ရှိသဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။

အဆိုပါစိတ်ကြွရူးသွပ်ဆေးပြားများအား သုံးစွဲဖြန့်ဖြူးရောင်းချရန် လက်ဝယ်ထားရှိသူ သန္တာစိုး (၄၄)နှစ်၊ စိန်မာလွင်(၄၀)နှစ်တို့အား မိတ္ထီလာမြို့မရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မဖြင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝ၅၇)

## တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ဆိုင်ကယ်အပိုပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၃၀**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၂၇ မျိုး၊ လူသုံးကုန်ပစ္စည်းရှစ်မျိုးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Corolla Fielder တစ်စီး၊ စက်မှုဇုန်ထုတ် Myanmar Station Wagon တစ်စီး၊ Mitsubishi Pajero တစ်စီးကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးစခန်း၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းကိုးမျိုးနှင့်အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း၊ မြစ်ငယ်တိုးဂိတ်အနီး၌ ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းငါးမျိုးနှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီးကိုလည်းကောင်း၊ ရန်ကုန်-မန္တလေးလမ်း မိုင်တိုင်အမှတ် (၃၅၂)၌ ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းငါးမျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် Scania Bus တစ်စီးကိုလည်းကောင်း သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၈ ရက်တွင် ကျိုင်းတုံမြို့ မြို့ရှောင်လမ်း ယာဉ်ရပ်နားဝင်းအနီး၌ ကျိုင်းတုံမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ဆိုင်ကယ်အပိုပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီးကိုလည်းကောင်း၊ အောက်တိုဘာ ၂၉ ရက်တွင် ကျိုင်းတုံမြို့၊ မြို့ရှောင်လမ်း၊ ကျိုင်းဖောင်းရွာအနီး၌ စုပုံထားသော အကောက်ခွန်မဲ့ လူသုံးကုန်ပစ္စည်းသုံးမျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

အားကစားမြှင့်တင်
စိတ်လန်းရွှင်၊
ဆန့်ကျင်
မူးယစ်ဆေး။

## ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ လက်နက်ခဲယမ်းများ သိမ်းဆည်းရမိ



ကိုကိုနိုင်(ခ) ကိုနိုင်နှင့် အောင်ဇင်သူတို့အား သိမ်းဆည်းရမိသည့် လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် အောက်တိုဘာ ၃၀

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂၃ ရက် ညနေ ၆ နာရီခွဲတွင် ဝေါမြို့နယ် ညောင်ခါးရှည်ကျေးရွာအနီး၌ မော်လမြိုင်-မန္တလေး ခရီးသည်တင် မှန်လုံယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် ကိုကိုနိုင်(ခ) ကိုနိုင် တရားမဝင် သယ်ဆောင်လာသည့် ပစ္စတိုသေနတ် ၁၆ လက်နှင့် ကျည်မျိုးစုံ အတောင့် ၅၃၀ တို့အား သိမ်းဆည်းရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ အောက်တိုဘာ ၂၄ ရက် နံနက် ၁၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် လက်နက်ခဲယမ်းများအားလက်ခံ၍ စစ်ကိုင်းတိုင်းဒေသကြီးသို့ ဆက်လက်သယ်ဆောင်မည့် အောင်ဇင်သူအား မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိ အနောက်ရပ်ကွက် ၃၈ x ၈၅ လမ်းတွင် ဆက်လက်ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ လက်နက်ခဲယမ်းများအား ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့မှ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများအား စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် အောက်တိုဘာ ၃၀

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း အောက်တိုဘာ ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Her Sal Yon(Ko King)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၉)ရပ်ကွက်နေ ရှိုင်းထက်အောင်(ခ)ဗိုးထက်ကူးမားအား ည ၆ နာရီ မိနစ် ၄၀ တွင် လှိုင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ဒိုက်ဦးထောင်တွင် အကျဉ်းသူများ အရေပြားရောဂါ ကူးစက်ခံနေရသည်ဟု မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၃၀

ဒိုက်ဦးထောင်မှ နိုင်ငံရေးအကျဉ်းသူများ အရေပြားရောဂါ ကူးစက်ခံနေရ ခေါင်းစဉ်ဖြင့် RFA Burmese အမည် Facebook Page က အောက်တိုဘာ ၂၂ ရက်တွင် မဟုတ်မမှန် လုပ်ကြံရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဒိုက်ဦးဗဟိုအကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းသူ ၁၀၀ ကျော်အထိ အရေပြားရောဂါကူးစက်ခံရသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း၊ ဒိုက်ဦးဗဟိုအကျဉ်းထောင်ရှိ အမျိုးသမီးအိပ်ဆောင်တွင် အရေပြားယားနာရောဂါဖြစ်ပွားသူ အကျဉ်းသူ/အချုပ်သူ ၄၀ ခန့်သာရှိ၍ သာမန်အရေပြားယားနာ ဖြစ်ပွားခြင်းသာဖြစ်ကာ ယင်းအကျဉ်းသူများကို အကျဉ်းထောင် ဆေးရုံအုပ်က နေ့စဉ်နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် ကြပ်မတ်ကြည့်ရှုကုသပေးလျက်ရှိကြောင်း၊ ထို့ပြင် အရေပြားယားနာရောဂါ မဖြစ်ပွားစေရန်အတွက် တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်သည့် ဆောင်ရန်၊ ရှောင်ရန် နည်းလမ်းများ၊ ကျန်းမာရေး အသိပညာပေး ဟောပြောမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း အကျဉ်းထောင် တာဝန်ရှိသူထံမှ သိရသည်။

ထို့ပြင် အကျဉ်းသူအဆောင်တွင် ဂါလန် ၂၈၀၀ ဆံ့ သုံးရေကန်သုံးကန်ရှိပြီး ရေကန်များအား ရေပြတ်လပ်မှုမရှိစေရန် အမြဲမပြတ် ဖြည့်တင်းဆောင်ရွက်ပေးလျက်ရှိပြီး ရေကန်အတွင်း/ အပြင်ကို တစ်ပတ်လျှင်တစ်ကြိမ် တိုက်ချွတ်ဆေးကြောစေလျက်ရှိကြောင်း၊ အကျဉ်းထောင်များတွင် ရေတွင်း ရေကန် သန့်ရှင်းရေးအပြင် အိပ်ဆောင်၊ မိလ္လာစသည့် နေရာများ သန့်ရှင်းမှုရှိစေရေးကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း။

အကျဉ်းသူများသည် ဆေးဝါးများကို လက်ဝယ်ထားရှိသုံးစွဲခွင့်မရှိသည့်အတွက် မိသားစုဝင်များက ပေးပို့လာသော ဆေးဝါးများကိုလည်း စနစ်တကျ စိစစ်မှတ်ပုံတင်၍ ကျန်းမာရေးဝန်ထမ်းများထံ အပ်နှံပြီး အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူများအား ပြန်လည်ထုတ်ပေး သုံးစွဲလျက်ရှိကာ မိသားစုဝင်များပေးပို့သော ဆေးဝါးများကို ပါဆယ်ဂိတ်မှ ပြန်ပေးလိုက်သည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း၊ ကျန်းမာရေးမကောင်းသူများကို အကျဉ်းထောင် ဆေးရုံအုပ်၊ ကျန်းမာရေးဝန်ထမ်းများဖြင့် နေ့စဉ်ကြပ်မတ်ကုသပေးလျက်ရှိပြီး ပြင်ပပြည်သူ့ဆေးရုံကြီးများသို့ သွားရောက်ပြသ၊ တင်ပို့ကုသရန် လိုအပ်ပါက အချိန်နှင့်တစ်ပြေးညီ ပြသ/တင်ပို့ ကုသစေလျက်ရှိသည့်အတွက် RFA Facebook Page က ဖော်ပြမှုသည် အကျဉ်းထောင်၏ လုပ်ရိုးလုပ်စဉ် လုပ်ငန်းများကို ထင်ယောင်ထင်မှားဖြစ်စေလိုသော ရည်ရွယ်ချက်ဖြင့် မဟုတ်မမှန် သတင်းဖော်ပြခြင်းသာ ဖြစ်သည်။ **ကြူကြူ**

## ပြင်ဦးလွင်မြို့ ဒိုးကွင်းရပ်ကွက်ကြီး ၁၈ တွင် စစ်သင်တန်းတက်ရောက်ရန် အတင်းအဓမ္မစုဆောင်းခြင်းနှင့် ငွေကြေးကောက်ခံခြင်းများ လုပ်ဆောင်နေကြောင်း သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် အောက်တိုဘာ ၃၀

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ ဒိုးကွင်းရပ်ကွက်ကြီး ၁၈ တွင် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းတက်ရောက်ရန် အတင်းအဓမ္မစုဆောင်းနေပြီး ပြည်သူ့စစ်မှုထမ်း မတက်ရောက်လိုပါက လူငယ်တစ်ဦးလျှင် ငွေကျပ်သိန်း ၈၀ တောင်းခံနေကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားသာဖြစ်ကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး စတင်အာဏာတည်သည့်နေ့မှစ၍ အများပြည်သူ သိရှိစေရန်နှင့် ဗဟုသုတရရှိစေရန်အတွက် သက်ဆိုင်ရာမြို့နယ်များအလိုက် တာဝန်ရှိသူများနှင့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များက အသိပညာပေးဆွေးနွေးခြင်းများလုပ်ဆောင်ခြင်း၊ နိုင်ငံပိုင်မီဒီယာများတွင်လည်း တရားမဝင်ပြည်ဖျက်မီဒီယာများ၏ သတင်းတု၊ သတင်းမှားများကို ပြည်သူများ သိရှိစေရန် ဖော်ပြလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## သာယာဝတီထောင်ရှိ အကျဉ်းသား အချိန်မီဆေးကုသခွင့်မရရှိ၍ သေဆုံးသည်ဟု စွပ်စွဲရေးသားဖြန့်ဝေ

နေပြည်တော် အောက်တိုဘာ ၃၀

သာယာဝတီထောင်တွင် နိုင်ငံရေးအကျဉ်းသား ဌေးအောင်ကျော် အချိန်မီ ဆေးကုသခွင့် မရရှိ၍ သေဆုံးသည်ဟု Khit Thit Media အမည်ခံ Facebook Page တွင် အောက်တိုဘာ ၁၄ ရက်က စွပ်စွဲရေးသားဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အား စိစစ်ရာတွင် အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသားဟူ၍ မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းသား ဌေးအောင်ကျော်သည် ကျိုက်မရော ဗဟိုအကျဉ်းထောင်တွင် စည်းကမ်းဖောက်ဖျက်၍ သာယာဝတီဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ရောက်ရှိလာသည့် အကျဉ်းသားဖြစ်ကာ ပြင်ပ၌ နေထိုင်စဉ်ကတည်းက ခုခံအားကျဆင်းမှုရောဂါ (HIV) နှင့် အထွေထွေအားနည်းခြင်းရောဂါ ခံစားနေရသူဖြစ်ကြောင်း၊ အကျဉ်းသား ဌေးအောင်ကျော်သည် ဧပြီ ၂၀ ရက်မှစတင်၍ ချောင်းအဆက်မပြတ်ဆိုးသည့် ရောဂါခံစားနေရသဖြင့် အကျဉ်းထောင်ဆေးရုံအုပ်က ကျန်းမာရေးစစ်ဆေးမှုများပြုလုပ်၍ အကျဉ်းထောင်ဆေးရုံ၌ ၁၇ ရက်ကြာ ဆေးဝါးကုသပေးခဲ့ကြောင်း။

အကျဉ်းသား ဌေးအောင်ကျော်အား သာယာဝတီခရိုင်ပြည်သူ့ဆေးရုံကြီးတွင် မေ ၇ ရက်မှ ၂၈ ရက်အထိလည်းကောင်း၊ ဇူလိုင် ၃၀ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိလည်းကောင်း သုံးကြိမ် ပို့ဆောင်ကာ ဆေးဝါးကုသပေးခဲ့ပြီး အောက်တိုဘာ ၁၃ ရက် ၆ နာရီ ၄၅ မိနစ်တွင် ခုခံအားကျဆင်းမှုရောဂါ (HIV)ဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သာယာဝတီ ဗဟိုအကျဉ်းထောင်မှ အကျဉ်းသား အကျဉ်းသူ၊ အချုပ်သား အချုပ်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုကို အကျဉ်းထောင်ဆရာဝန်၊သူနာပြု၊ ကျန်းမာရေးဝန်ထမ်းများက အကျဉ်းထောင် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စံလုပ်ထုံးလုပ်နည်းများ (SOP) နှင့်အညီ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြင်ပဆေးရုံကြီးသို့ တင်ပို့ကုသရမည့် မည်သည့် အကျဉ်းသား အကျဉ်းသူကိုမဆို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးလျက်ရှိကာ ကျန်းမာရေးအခြေအနေပေါ် မူတည်၍ အကျဉ်းထောင် ဆေးရုံ၊ ဆေးပေးခန်းများ၌ ကုသမှုပေးပြီး ပြည်သူ့ဆေးရုံသို့ တင်ပို့လွှဲပြောင်းကုသရန် လိုအပ်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လွှဲပြောင်းပို့ဆောင် ကုသပေးကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု အထောက်အထားမှတ်တမ်းများလည်း ထားရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page က ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။ **အေးမိုး**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက် သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



# နိုင်ငံတကာ အားကစား သတင်းများ



## ရန်းရင်းဆန်ခတ်ဖြစ်မှုကြောင့် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ အသီးသီးဒဏ်ငွေ ချမှတ်ခံရ

**လန်ဒန် အောက်တိုဘာ ၃၀**

အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (FA) သည် ကွင်းအတွင်း ရန်းရင်းဆန်ခတ်ဖြစ်ပွားအောင်လုပ်ဆောင်ခဲ့သည့် နော်တင်ဟမ်ဖောရက်စ်အသင်းနှင့် ချဲလ်ဆီးအသင်းတို့ ဒဏ်ငွေအသီးသီးချမှတ်ခြင်းခံခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် ပြီးခဲ့သည့် အောက်တိုဘာ ၆ရက်က ချဲလ်ဆီးအသင်းနှင့် နော်တင်ဟမ်ဖောရက်စ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်တွင် နှစ်ဖက်အသင်းကစားသမားများအကြား ခိုက်ရန်ဖြစ်ပွားကာ ရန်းရင်းဆန်ခတ်ဖြစ်ပွားခဲ့ခြင်းကြောင့် ယခုလို ဒဏ်ငွေ အသီးသီး ချမှတ်ခြင်းခံခဲ့ရသည်။

အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (FA) သည် နော်တင်ဟမ်ဖောရက်စ်အသင်းအား စတာလင်ပေါင် ၁၂၅၀၀၀နှင့် ချဲလ်ဆီးအသင်းအား စတာလင်ပေါင် ၄၀၀၀၀ အသီးသီး ဒဏ်ရိုက်ခဲ့သည်။

အင်္ဂလိပ်ဘောလုံးအဖွဲ့ချုပ် (FA) ထုတ်ပြန်ချက်တွင် "နော်တင်ဟမ်ဖောရက်စ်နှင့် ချဲလ်ဆီးတို့အား ဒဏ်ရိုက်ခဲ့ပါတယ်။ နောက်နောင်လည်း ယခုလို ပြုမူမှုမျိုးထပ်မံမပြုလုပ်ရန် သတိပေးခဲ့ပါတယ်"ဟု ထုတ်ပြန်သည်။ (အပေါ်ဓါတ်ပုံ)

(NGB)

## ဂျီးဖီလစ်ပီမက်တီတာ စာချုပ်သက်တမ်းတိုးရန် ခရစ္စတယ်ပဲလေ့စ်အသင်း စီစဉ်

**လန်ဒန် အောက်တိုဘာ ၃၀**

ခရစ္စတယ်ပဲလေ့စ်အသင်းသည် အသင်းတိုက်စစ်မှူး ဂျီးဖီလစ်ပီမက်တီတာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်လျက်ရှိပြီ ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့်အတူ ၂၀၂၁-၂၀၂၂မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၇ပွဲကစားပြီး ၃၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုရန် စီစဉ်လာခြင်း ဖြစ်သည်။



ခရစ္စတယ်ပဲလေ့စ်အသင်း ထုတ်ပြန်ချက်တွင် "ဂျီးဖီလစ်ပီမက်တီတာအား စာချုပ်သက်တမ်းတိုးရန် စီစဉ်နေပါပြီ။ သူဟာ အသင်းအတွက် ကစားသမားကောင်းတစ်ယောက်ပါ။ သူကိုယ်တိုင်ကလည်းအသင်းမှာ ပျော်ရွှင်နေပါတယ်။ စာချုပ်ကိစ္စလည်း မကြာမီရက်ပိုင်းအတွင်း အပြီးသတ်ချုပ်ဆိုနိုင်တော့မှာပါ"ဟု ထုတ်ပြန်သည်။ (ဓါတ်ပုံ)

(NGB)

## ဂျိုတာ နံရိုးဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည်

**လီဗာပူး အောက်တိုဘာ ၃၀**

လီဗာပူးအသင်းတိုက်စစ်မှူး နံရိုးဒဏ်ရာကြောင့် တစ်လခန့် အနားယူရမည် ဖြစ်သည်။

အဆိုပါ တိုက်စစ်မှူးသည် ပရီးမီးယားလိဂ်ပွဲစဉ်အဖြစ် လီဗာပူး အသင်းက ချဲလ်ဆီးအသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

တိုက်စစ်မှူး ဂျိုတာ ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် လီဗာပူးအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျိုတာသည် လီဗာပူး အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၅၅ပွဲကစားပြီး ဂိုး ၆၀ထိ သွင်းယူကာ ခြေစွမ်းပြထားသည်။ (အောက်ပုံ)

(NGB)





## ရူဘင်ဒီယက်ဇ် မန်ချက်စတာစီးတီးအသင်းမှ ထွက်ခွာဖွယ်ရှိ

**လန်ဒန် အောက်တိုဘာ ၃၀**

မန်ချက်စတာစီးတီးအသင်း နောက်ခံကစားသမား ရူဘင်ဒီယက်ဇ် လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာသွားဖွယ်ရှိနေသည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

နောက်ခံကစားသမား ရူဘင်ဒီယက်ဇ်သည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၉၀ကစားပြီး ၄ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဥရောပကလပ်အသင်း များစွာကလည်း ခေါ်ယူရန် စိတ်ဝင်စားလာခြင်း ဖြစ်သည်။

မန်ချက်စတာစီးတီးအသင်းကလည်း ရူဘင်ဒီယက်ဇ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည် ဖြစ်သည်။

ထို့ကြောင့် ရူဘင်ဒီယက်ဇ် အနေဖြင့် မန်ချက်စတာစီးတီးအသင်းမှ ထွက်ခွာပြီး မည်သည့်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိမည်လဲဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။ (အောက်ပုံ) (NGB)



## မက်သီတဲလ်အား အငှားဖြင့် ခေါ်ယူရန် ဝါဒါဘရီမင်အသင်း စီစဉ်


**မြူးနစ် အောက်တိုဘာ ၃၀**

ဝါဒါဘရီမင်အသင်းသည် ဘိုင်ယန်မြူးနစ်အသင်း တိုက်စစ်မှူး မက်သီတဲလ်အား အငှားဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဝါဒါဘရီမင်အသင်းက အငှားဖြင့် ခေါ်ယူရန် စီစဉ်လာခြင်း ဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း မက်သီတဲလ်အား အတွေ့အကြုံသစ်များ ရရှိစေရန်အတွက် အငှားချသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ဝါဒါဘရီမင်အသင်းအနေဖြင့် လာမည့်ဆောင်းရာသီဈေးကွက်အတွင်းတွင် ဘိုင်ယန်မြူးနစ်အသင်းထံမှ မက်သီတဲလ်အား အငှားဖြင့် ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။ (အောက်ပုံ) (NGB)



## 2024 Moselle Open တင်းနစ်ပြိုင်ပွဲ နိုဝင်ဘာ ၄ ရက်တွင် စတင်မည်

**လန်ဒန် အောက်တိုဘာ ၃၀**

ပြင်သစ်နိုင်ငံ၊ မက်ဇ်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်သော အမျိုးသား တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Moselle Open တင်းနစ် ပြိုင်ပွဲ လာမည့် နိုဝင်ဘာ ၄ရက်တွင် စတင်သွားမည်ဖြစ်သည်။

အဆိုပါ 2024 Moselle Open တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ၇ ရက်ကြာ ကျင်းပသွားမည် ဖြစ်သည်။

2024 Moselle Open တင်းနစ်ပြိုင်ပွဲသို့ နာမည်ကျော် တင်းနစ်ကစားသမားများစွာ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

2024 Moselle Open တင်းနစ်ပြိုင်ပွဲ၏ လက်ရှိ ချန်ပီယံမှာ အိမ်ရှင်ပြင်သစ်တင်းနစ်ကစားသမား Ugo Humbert ဖြစ်သည်။ (အပေါ်ဓါတ်ပုံ) (NGB)

## ရူဒီဂါ ရီးရဲလ်မက်ဒရစ်အသင်းတွင် ဆက်ရှိသွားမည်

**မက်ဒရစ် အောက်တိုဘာ ၃၀**

ရီးရဲလ်မက်ဒရစ်အသင်း နောက်ခံကစားသမား ရူဒီဂါက မိမိအနေဖြင့် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ကြောင်း၊ အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများအပြင်၊ ဆော်ဒီကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည် ဖြစ်သည်။

နောက်ခံကစားသမား ရူဒီဂါသည် ရီးရဲလ်မက်ဒရစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၁၆ပွဲကစားပြီး ၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ရူဒီဂါက "ကျွန်တော် အသင်းမှာပဲ ဆက်ရှိသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုဆုဖလားများစွာလည်း ရယူသွားချင်ပါသေးတယ်"ဟု ပြောသည်။ (အောက်ပုံ)

(NGB)



## အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ (ပွဲစဉ်-၁၀)ဇယား နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | | ယမန်နှစ်ရလဒ် | အိမ်/ဝေးရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|---|
| ၁-၁၁-၂၀၂၄ | (၁၈)ဂျီဆိုအာ - | ဗီအိုရင်တီးနား(၄) | ဂျီဆိုအာ ၁-၄ ဗီအိုရင်တီးနား | ဂျီဆိုအာ(အိမ်) | ၅ | - | ၃ | ၂ | ၅ | ၁၀ |
| နံနက် ၀၁:၀၀နာရီ | (L,L,L,D,L) | (W,D,W,W,W) | ဗီအိုရင်တီးနား ၁-၁ ဂျီဆိုအာ | ဗီအိုရင်တီးနား(ဝေး) | ၄ | ၁ | ၂ | ၁ | ၉ | ၄ |
| ၁-၁၁-၂၀၂၄ | (၁၃)ကိုမို - | လာဇီယို(၆) | ကိုမို ၁-၃ လာဇီယို | ကိုမို(အိမ်) | ၃ | ၁ | ၂ | - | ၆ | ၅ |
| နံနက် ၀၂:၁၅နာရီ | (W,W,L,D,L) | (L,W,W,L,W) | လာဇီယို ၃-၀ ကိုမို | လာဇီယို(ဝေး) | ၄ | ၁ | - | ၃ | ၅ | ၇ |
| ။ | (၁၁)ရိုးမား - | တိုရီနို(၉) | ရိုးမား ၃-၂ တိုရီနို | ရိုးမား(အိမ်) | ၄ | ၂ | - | ၂ | ၆ | ၄ |
| | (W,W,D,L,L) | (W,L,L,L,W) | တိုရီနို ၁-၁ ရိုးမား | တိုရီနို(ဝေး) | ၅ | ၂ | ၁ | ၂ | ၁၀ | ၁၀ |

## ဘောလုံးသတင်းအတိုအထွာများ

* ဆော်ဒီဘုရင့်ဖလားပွဲစဉ်တွင် အယ်လ်နာဆာအသင်းသည် အယ်လ်တာဝန်းအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီ ဖြစ်သည်။

* အာဆင်နယ် အသင်း ကွင်းလယ်ကစားသမား အိုဒီဂတ် ခြေကျင်းဝတ်ဒဏ်ရာမှ ပြန်လည်သက်သာလာခြင်းကြောင့် နိုင်ငံတကာပွဲစဉ်များမတိုင်မီ အသင်းနှင့်အတူ ပြန်လည်ကစားနိုင်မည် ဖြစ်သည်။

(NGB)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရာဂီမုန်တိုင်းဒဏ်သင့်ခဲ့သော မြို့နယ်များတွင် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်၊ ရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ပြည်သူ့စစ်၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများအား ဂုဏ်ပြုပွဲ အခမ်းအနား ကျင်းပ




**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရာဂီမုန်တိုင်းဒဏ်သင့်ခဲ့သော မြို့နယ်များတွင် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ပြည်သူ့စစ်၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး၊ မြို့တော်ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုအဖွင့်အမှာစကားပြောကြားရာတွင် ရာဂီမုန်တိုင်းဒဏ်သင့်ခဲ့သော မြို့နယ်များတွင် ရေဘေးသင့်ပြည်သူများအား တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီ၊ ပြည်သူ့စစ်၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်ခြင်း၊ ရေဘေးလွတ်ရာနေရာများသို့ ရွှေ့ပြောင်းပေးခြင်း၊ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးရှောင်စခန်းများ ဖွင့်လှစ်၍ နေရာချထားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လတ်တလောစားဝတ်နေရေး အဆင်ပြေစေရေးအတွက် စားရေရိက္ခာများ ထောက်ပံ့ပေးခြင်းများကို အချင်းချင်း ချိတ်ဆက်ပူးပေါင်းကာ လက်တွဲညီညီ ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိခဲ့ရပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များမှ တာဝန်ရှိသူများက ရေဘေးသင့်ဒေသများသို့ ကွင်းဆင်းကာ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးပြီး လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရာဂီမုန်တိုင်းဒဏ်ကြောင့် သေဆုံးခဲ့သူ ၁၄၄ ဦးအတွက် တစ်ဦးလျှင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ကော်မတီရန်ပုံငွေမှ ငွေကျပ် ၅ သိန်းနှုန်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာနမှ ငွေကျပ် ၃ သိန်းနှုန်းနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငွေကျပ် ၃ သိန်းနှုန်းတို့ဖြင့် စုစုပေါင်းငွေကျပ် ၁၅၈ ဒသမ ၄ သန်း ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ နေအိမ်ပျက်စီးမှုများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီရန်ပုံငွေမှ နေအိမ်လုံးဝပျက်စီး ၁၅၀၅ လုံးအတွက် နေအိမ်တစ်လုံးလျှင် ငွေကျပ် ၂၃၅၀၀၀၀ နှုန်း၊ နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီး ၁၉၈၀ လုံးအတွက် နေအိမ်တစ်လုံးလျှင် ငွေကျပ် ၁၇၅၀၀၀၀ နှုန်းတို့ဖြင့် စုစုပေါင်း ငွေကျပ် ၇၀၀၁ ဒသမ ၇၅ သန်းကို လက်ရောက် ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ပေးပို့သည့် ဆန်အိတ်ပေါင်း ၆၃၁၇ အိတ်၊ စည်သွတ်ဘူး ၉၆၂၅၄ ဘူး၊ ခေါက်ဆွဲခြောက် ၆၆၁၇၅ ကာတွန်း(တစ်ကာတွန်းလျှင် ၃၀ ထုပ်နှုန်းဖြင့် ၁၉၈၅၂၅၀ ထုပ်)၊ သွားတိုက်ဆေးနှင့် သွားတိုက်တံ၊ အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေးညှိနှိုင်းမှုဌာန (AHA Centre)နှင့် အိန္ဒိယအစိုးရတို့က ထောက်ပံ့သည့် ပစ္စည်းများကို ရေဘေးသင့်မြို့နယ်များသို့ ထောက်ပံ့ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည့် တပ်မတော်သားများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့အစည်းများအား ဂုဏ်ပြုသည့် အနေဖြင့် မြို့နယ် ၈ မြို့နယ်အတွက် ၁ မြို့နယ်လျှင် ငွေကျပ် သိန်း ၅၀ နှုန်းဖြင့် ဂုဏ်ပြုချီးမြှင့်ခြင်းနှင့် အတူ အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ရေဘေးဖြစ်ပွားခဲ့သည့် မန္တလေးတိုင်းဒေသကြီးအတွင်း ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ သာစည်၊ ဝမ်းတွင်း၊ ရမည်းသင်း၊ ပျော်ဘွယ်စသည့်မြို့နယ်များရှိ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ပြည်သူ့စစ်၊ ဌာနဆိုင်ရာများနှင့် လူမှုရေးအဖွဲ့အစည်းများအား တစ်မြို့နယ်ချင်းအလိုက် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၅၀ စီနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ အဆိုပါမြို့နယ်များမှ ကိုယ်စားလှယ် ၃ ဦးစီက လက်ခံခဲ့ပြီး ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အဖွဲ့သည် တက်ရောက်လာသူများအား ရင်းနှီးစွာနှုတ်ဆက်အားပေးစကားများပြောကြားခဲ့ကြောင်းနှင့် ယနေ့အခမ်းအနားတွင် ဂုဏ်ပြုချီးမြှင့်ငွေ ၁ မြို့လျှင် ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် မြို့နယ် ၈ မြို့နယ်အတွက် စုစုပေါင်းငွေကျပ်သိန်း ၄၀၀ ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**












သတင်း-စာမျက်နှာ ၁၂









# အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချမှုအစီအစဉ်ကို ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး ကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁ လမ်းနှင့်၇၂လမ်းကြားတွင် ယနေ့ မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးခဲ့သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အတွင်းရေးမှူး၊ဈေးနှင့်သားသတ်ဌာနမှဌာနမှူးနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်ပြီး အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှစတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



# ပုဗ္ဗသီရိမြို့နယ် ရေတိုက်စားမှု ပြန်လည်ပြုပြင်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၃၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဇေယျာသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပုဗ္ဗသီရိမြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ရေဘေးသင့်ခဲ့သည့် ကျေးရွာခြောက်ရွာရှိ ပျက်စီးသွားသည့် လမ်းများအား ပြန်လည်ပြုပြင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုဗ္ဗသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနှင့်ဝန်ထမ်းများသည် ကျေးရွာ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ပုဗ္ဗသီရိမြို့နယ်အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ရေဘေးသင့်ခဲ့သည့် ကျေးရွာခြောက်ရွာရှိ လမ်းများ၏ ထိခိုက်ပျက်စီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုတိုင်းတာခဲ့ပြီး မြို့နယ်ဦးစီးမှူးက ပြန်လည်ပြုပြင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

**နေဘ်လူး**

# ချမ်းမြသာစည်မြို့နယ် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး)၌ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် လူငယ်စကားဝိုင်း ကျင်းပ



**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)ရှိ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာကျော်သီဟက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုးက လူငယ်စကားဝိုင်းကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် စကားဝိုင်းကို ဆက်လက်ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ဦးဆောင်ဆွေးနွေးပြီး ဆေးတက္ကသိုလ်မှ အလုပ်သင်ဆရာဝန်များဖြစ်ကြသည့် မောင်ရဲကျော်သူက “လူငယ်နှင့်နည်းပညာ”၊ မစန္ဒာမိုးဇော်က “လူငယ်နှင့်ပရဟိတ”၊ မစန်းယုနွယ်က “လူငယ်နှင့်စာပေ”၊ တတိယနှစ် ကျောင်းသူများဖြစ်ကြသည့် မမြတ်အိန္ဒြေခိုင်က “လူငယ်နှင့် အလုပ်အကိုင်အခွင့်အလမ်း”၊ မဖြိုးသဥ္ဇာကျော်က “လူငယ်နှင့်ယဉ်ကျေးမှု”၊ မဝေဝေအောင်က “လူငယ်နှင့် ကျန်းမာရေး”ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ထို့နောက် စကားဝိုင်းသို့ တက်ရောက်လာသော တက္ကသိုလ်ကျောင်းသား ကျောင်းသူများက ဖြည့်စွက်ဆွေးနွေးကြသည်။ လူငယ်စကားဝိုင်းသို့ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (မန္တလေး) မှ ဒုတိယပါမောက္ခများ၊ မော်ကွန်းထိန်းများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။

**ချမ်းမြေ့**



## တန်ဖိုးမြှင့်စားသောက်ကုန် (Bakery) ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းများ၏ လုပ်ငန်းထူထောင်မှုကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဆန်၊ ပဲ၊ ပြောင်းနှင့် ဂျုံများအား အခြေခံ၍ တန်ဖိုးမြှင့် စားသောက်ကုန်များအဖြစ် ကျန်းမာရေးနှင့်ညီညွတ်စွာ ထုတ်လုပ်တတ်စေရန် ကုန်ထုတ်လုပ်ငန်းများ တိုးပွားလာခြင်းဖြင့် ပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းများ ရရှိလာစေရန်၊ မိသားစု တစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ကိုင်လာခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများထူထောင်၍ မိသားစုဝင်ငွေ တိုးစေရန်ရည်ရွယ်၍ သင်တန်းများကို သင်တန်းကြေးအခမဲ့ဖြင့် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်စိုး ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၂၉ရက်က မန္တလေး တိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၊ ပတ္တာကျေးရွာအုပ်စု၊ မြင်းစိုင်းရပ်ကွက်တွင် ဆောင်ရွက်သည့်အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေးစီမံကိန်း ခေတ်မီစံပြကျေးရွာထူထောင်၍ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားရေး ဆောင်ရွက်သည့် တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုပညာသင်တန်း (Bakery and Snack) သင်တန်းဆင်းများ လုပ်ငန်းထူထောင်နေမှုအား ကွင်းဆင်း ကြည့်ရှုအားပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ နည်းပြများနှင့် ကျွမ်းကျင်ပညာရှင်များကိုယ်တိုင် Bakery အမျိုးမျိုး ထုတ်လုပ်နည်းများအား သင်ကြားပေးပြီး သင်တန်းပြီးဆုံးသည်နှင့် စီးပွားဖြစ်ထုတ်လုပ်ရောင်းချနိုင်သည်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ဝ၄၅)

ဝ-ဝ-ဝ-ဝ-ဝ

## ပြန်လည်ပြုပြင်ထားသောမုံရွာမြို့ မီးပွိုင့် ၁ဝခုကို ဆိုလာစနစ် တပ်ဆင်ထား

**မုံရွာ အောက်တိုဘာ ၃၀**

ပြန်လည်ပြုပြင်ထားသော စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့က မီးပွိုင့် ၁ဝခုကို ဆိုလာစနစ် တပ်ဆင်ထားကြောင်း အမှတ် (၁၇ )ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမိုးကျော်ထံက သိရသည်။

"မီးပွိုင့်ကောင်းရင် လမ်းအန္တရာယ်၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးကို အထောက်အကူပြုပါတယ်။ ယာဉ်မောင်းသူတွေ အနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို လိုက်နာမောင်းနှင်ကြဖို့ တိုက်တွန်းလိုပါတယ်" ဟု အမှတ်(၁၇)ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲမှူး ရဲမှူးမိုးကျော်က ပြောသည်။

မုံရွာမြို့၊ ဗိုလ်ချုပ်လမ်းနှင့် မြို့ပတ်လမ်းဆုံက မြို့ပတ်လမ်း မီးပွိုင့်၊ ဗိုလ်ချုပ်လမ်းနှင့် တရုတ်တန်းလမ်းဆုံက မြို့လယ်မီးပွိုင့်၊ ဗိုလ်ချုပ်လမ်းနှင့် ကျောက်ကာလမ်းဆုံက ဇောတိကမီးပွိုင့်၊ ဗိုလ်ချုပ်လမ်းနှင့်လယ်တီလမ်းဆုံက တမာတန်းမီးပွိုင့်၊ ပြည်ထောင်စုလမ်းနှင့် မြို့ပတ်လမ်းဆုံက ထန်းတောမီးပွိုင့်၊ ပြည်ထောင်စုလမ်းနှင့် ကျောက်ကာလမ်းဆုံ က ကျောက်ကာမီးပွိုင့်၊ပြည်ထောင်စုလမ်းနှင့် သာစည်လမ်းဆုံက သာစည်မီးပွိုင့်၊ ပြည်ထောင်စုလမ်းနှင့် လယ်တီလမ်းဆုံက ရေစင်မီးပွိုင့်၊ ကျောက်ကာလမ်းနှင့် ရန်ကင်းလမ်းဆုံက ရန်ကင်းမီးပွိုင့်နှင့်ကျောက်ကာလမ်းနှင့် ရေကူးကန်လမ်းဆုံက ရေကူးကန်မီးပွိုင့်တို့ကို ပြုပြင်ထားခြင်း ဖြစ်သည်။

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေ လမ်းညွှန်ပံ့ပိုးပေးမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက ဥက္ကဋ္ဌ၊ စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဒုတိယတိုင်းဒေသကြီး အင်ဂျင်နီယာက အတွင်းရေးမှူးအဖြစ်ဆောင်ရွက်ကာ မုံရွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မုံရွာမြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် အမှတ်(၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ ဒုတပ်ဖွဲ့ခွဲမှူးတို့က မီးပွိုင့်များကို ၂၀၂၄ခု၊ ဇွန် ၁၃ရက်က စတင်ပြင်ဆင်ခဲ့သည်။

မုံရွာမြို့ရှိ မီးပွိုင့် ၁ဝခုသည် ၂ဝ၂၁ခုနှစ်မှ စတင်၍ ဖျက်ဆီးခံခဲ့ရကာ မီးလုံးမှအပ ကျန်သည့် ပစ္စည်းများ ပျက်စီးသွားသည့်အတွက် ၂ဝ၂၄ခုနှစ် ဖေဖော်ဝါရီ ၅ရက်က ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးတွင် ပြန်လည်စည်ကားလာသည့် မုံရွာမြို့တွင် မီးပွိုင့်များ ပြန်လည်ပြုပြင်ဆောင်ရွက်ရန် ဆုံးဖြတ်ညွှန်ကြားလာသည့်အတွက် ၃လကျော် ကာလအတွင်းအပြီး ပြန်လည်ပြုပြင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(၃၉၄)



## တရားမဝင်ပိုးသတ်ဆေး၊ ဓာတ်မြေဩဇာများ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေး



**မြစ်သား အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ ပူးပေါင်း၍ စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်များအား ရည်ညွှန်းဈေးအတိုင်း ရောင်းချပေးခြင်း ရှိ၊မရှိနှင့်တရားမဝင် ပိုးသတ်ဆေး၊မြေဩဇာများ ရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့ နံနက်ပိုင်းက လိုက်လံကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးဘိုဘိုအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယအုပ်ချုပ်ရေးမှူး ဦးရှိန်းသူ၊ မြစ်သားမြို့ မြို့မရဲစခန်းမှ စခန်းမှူးဒုရဲမှူးဇော်မင်းထွေး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ကြည်ကြည်မာနှင့် ဝန်ထမ်းများသည် မြစ်သားမြို့နယ်အတွင်းရှိ စိုက်ပျိုးရေးသွင်းအားစု အရောင်းဆိုင်များအား ရည်ညွှန်းဈေးနှုန်းအတိုင်း ရောင်းချပေးခြင်း ရှိ၊ မရှိနှင့် တရားမဝင်ပိုးသတ်ဆေး မြေဩဇာများ၊ လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိ အခြေအနေများအား လိုက်လံကွင်းဆင်းစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၈၅)

## VDP စီမံကိန်းကျေးရွာများ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း အောက်တိုဘာ ၃၀**

စစ်ကိုင်းမြို့နယ်တွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် VDP စီမံကိန်းကျေးရွာများဖြစ်သော ချောင်းပေါက်ကျေးရွာ၊ပေါက်တောကျေးရွာ၊ ခိုတောင်ကျေးရွာ၊မြေတိုင်ကျေးရွာများတွင် ရွာတွင်းလမ်းကွန်ကရစ် လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအား အောက်တိုဘာ ၂၇ရက်က ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်အင်ဂျင်နီယာများ၊ မြို့နယ်ဦးစီးမှူးနှင့် ကြီးကြပ်အင်ဂျင်နီယာအဖွဲ့များ သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် ခရိုင်ဦးစီးမှူးမှ ကျေးရွာစီမံကိန်း ကော်မတီဝင်များနှင့် တွေ့ဆုံ၍ ကွန်ကရစ်လမ်းအရှည် ၅၂၀ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိပြီး သတ်မှတ်စံချိန်စံနှုန်းများအတိုင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းစေရေး၊ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေးတို့ကို အလေးထားဆောင်ရွက်ကြရန်နှင့် ကော်မတီဝင်များမှ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် စာအုပ်၊ စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲများကို အောက်တိုဘာ ၂၈ရက် နံနက် ၉နာရီက မြို့နယ်လူထုအခြေပြု ဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ဟောပြောပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင် ဒေါ်မိုးမိုးက ကလေးသူငယ်များ လူကုန်ကူးခံရ၍ ခိုင်းစေခံရနိုင်ကြောင်း၊ ကလေးငယ်များအပေါ် လုပ်အားခခေါင်းပုံဖြတ်ခံရမှု မရှိစေရန်အတွက် ကလေးအလုပ်သမားပပျောက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း ကလေးအလုပ်သမားပြဿနာ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကလေးအလုပ်သမားဖြစ်ပွားမှုအများဆုံးနိုင်ငံများအကြောင်း၊ ကလေးအလုပ်သမားများနှင့် ကျောင်းပညာရေး၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်များ၊ ကလေးအလုပ်သမားပပျောက်ရေး ရည်မှန်းချက် ၃ရပ်စသည့်အကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းဟောပြောခဲ့သည်။

ထို့နောက် အမက(လွန်) (ကသဲစု) ကျောင်းမှပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ကြိုက်နှစ်သက်ရာ ခေါင်းစဉ်များဖြင့် ပုံပြင်ပြောပြိုင်ပွဲတွင်လည်းကောင်း၊ ကဗျာရွတ်ပြိုင်ပွဲတွင်လည်းကောင်း အသီးသီးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာ ဆုရရှိသောကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ရုံးဝင်းအတွင်း ပြသထားသော အသိပညာပေးနံရံကပ်စာစောင်များအား စိတ်ဝင်တစား လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

(၃၉၉)

## စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲ ပြုလုပ်



**နတ်မောက် အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့ လူထုအခြေပြုဗဟိုဌာန (Community Centre) တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် Book Club အဖွဲ့တို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒေါ်ဥမ္မာခင် ဦးစီးအရာရှိက ဒေသခံပြည်သူများအနေဖြင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများရရှိစေရေး၊ အသိပညာဗဟုသုတများ မျှဝေနိုင်ရေးနှင့် စာပေချစ်မြတ်နိုးသူများ ချစ်ခင်ရင်းနှီးပြီး စာပေနှီးနှောဖလှယ်နိုင်ရေး ရည်ရွယ်၍ စာဖတ်ဝိုင်းများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် စာဖတ်ဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့် စာကြည့်တိုက်မှူးတို့က နတ်သျှင်(ရွှေဂူ) ရေးသားသည့် "လူငယ်များကို ပျိုးထောင်ပေးပါ" ခေါင်းစဉ်နှင့် လူငယ်များရဲ့ရွှေရောင်မနက်ဖြန်" ခေါင်းစဉ်ပါအကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့သည်။ အဆိုပါ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဖွဲ့စည်းထားသော Club အဖွဲ့ဝင်များနှင့်လည်းကောင်း၊ စာပေချစ်မြတ်နိုးသူဝါသနာရှင်များဖြင့်လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနလူထုအခြေပြုဗဟိုဌာန (Community Centre)တွင် လစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ နတ်မောက်မြို့နယ် ပြန်ကြားနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းဆွေးနွေးပွဲပြုလုပ်ခဲ့ရာ မြို့နယ်ပြန်/ဆက်ရုံးရှိ ဝန်ထမ်းများ၊ Book Club အဖွဲ့ဝင်များနှင့် စာပေချစ်မြတ်နိုးသူဝါသနာရှင် စုစုပေါင်း၂၀ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)လှဝင်း**

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

### နံနက်ချိန်ခါ တေးသံသာ

* အမှိုက်သိမ်းကား လာပြီမို့
ရပ်၊ ရွာ သန့်ရှင်းဖို့ ။
နိဗ္ဗာန်ဆော်လို့ အော်ဟစ်လို့
ကုသိုလ်ယူကြစို့ ။
* ကုသိုလ်လည်းရ ဝမ်းလည်းဝ
စိတ်ထားမွန်မြတ်လှ
အလုပ်ဟူသမျှ ဂုဏ်ရှိစွ
စုပေါင်းဆောင်ရွက်ကြ ။
* အမှိုက်သရိုက် ကင်းစင်ရေး
လမ်းတွေ ရှင်းလင်းပေး
ရေစီးရေလာ ကောင်းမွန်ရေး
ဒိုက်တွေ ဆယ်ယူပေး ။
* သန့်ရှင်းသပ်ရပ် စိတ်ကြည်လင်
အမှိုက်တွေ ကင်းစင်
ပြည်သူ့အတွက် မန်းစည်ပင်
မြို့ပြအလှဆင် ။
* ရည်ရွယ်ချက် ၃ ရပ် ချမှတ်ပေး
မြို့တော်သန့်ရှင်းရေး
မြို့တော်သာယာရေး
မြို့လူထုစိတ်ချမ်းသာရေး ။
* မြို့တော်စည်ပင် စွမ်းအားထက်
ဂုဏ်ကျက်သရေ တက်
ခေတ် စနစ်နဲ့အညီ ချီတက်
လေးစားဂုဏ်ပြုလျက် ။ ။

**မိုးထက်ကို(အမရပူရ)**

### ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ် စာပေ လေ့လာစို့။

ရပ်စောက်မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် ဒုတိယ(၆)လပတ်အတွင်း သာမန်ပြင်/ထိန်းလုပ်ငန်း ရန်ပုံငွေကျပ် ၃ ဒသမ ၅၄ သန်းဖြင့် ရဿဝသီပန်းခြံဆေးသုတ်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။ (ကဆ)





## အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ပြိုင်ပွဲဝင်အားကစားသမားများနှင့် တွေ့ဆုံ

**မန္တလေး အောက်တိုဘာ ၃၀**

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ ကျောင်းအုပ်ကြီးနှင့်အရာထမ်းများ၊ နည်းပြများက ရန်ကုန်မြို့တွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် Myanmar Football Academies Tournament 2024 သို့ သွားရောက်ယှဉ်ပြိုင်မည့် အမျိုးသားဘောလုံးအသင်းအားကစားအဖွဲ့နှင့်တွေ့ဆုံပွဲကို အောက်တိုဘာ ၂၉ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ်ရှိ အဆိုပါသိပ္ပံကျောင်းအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးတွင် အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)ကျောင်းအုပ်ကြီး ဦးမြင့်ခိုင်က နိုင်ငံဂုဏ်ဆောင်မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် ပြိုင်ပွဲများ ကျင်းပပေးပြီး အောင်မြင်မှုရရှိအောင် ကြိုးစားယှဉ်ပြိုင်ကြရန် ဆွေးနွေးပြောကြားသည်။ ထို့နောက် နည်းပြများက လေ့ကျင့်သင်ကြားမှုများကို ဆွေးနွေးတင်ပြပြီး ကျောင်းအုပ်ကြီးမှ အားကစားသမားများအားထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**
**(ဝ၄၅)**






## တောင်သူများအား ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ပေး

**ကံမ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်တွင် ဆောင်းရာသီစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၂၄-ခုနှစ် ဆောင်းရာသီ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၈)အုပ်စုမှ ဘဏ်အဖွဲ့ဝင် တောင်သူများအား ယနေ့နံနက် ၁၀ နာရီက စတင်၍ ထုတ်ချေးပေးရာ ကင်းကျေးရွာအုပ်စုမှ တောင်သူ ၄၈ဦးအား ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ပေးလျက်ရှိသည်။

ထိုသို့ ထုတ်ပေးရာတွင် ငွေကျပ်သိန်းပေါင်း ငါးထောင့်ငါးရာအား ထုတ်ချေးပေးရန် လျာထားပြီး မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဘိုကိတ် စသည့် ဆောင်းရာသီစိုက်ပျိုးမြေတစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စု (၁၈)အုပ်စုမှ ဘဏ်အဖွဲ့ဝင် တောင်သူများအား ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ သိရသည်။

**(ဝဲပုံ)အာကာ(ပြန်/ဆက်)**

# သတင်းပဒေသာ

## စာအုပ်၊ စာစောင်များ ငှားရမ်းပေးလျက်ရှိ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် စာဖတ်ပရိသတ်ထံ လက်ဝယ်အရောက် စာအုပ်၊ စာစောင်များငှားရမ်းပေးခြင်းကို အပတ်စဉ်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယမန်နေ့ နံနက် ၉ နာရီက ဌာနဆိုင်ရာရုံးများနှင့် ရပ်ကွက်နေပြည်သူများထံ သွားရောက်ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆန်နှင့် လှူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ကမ္ဘောဒီးယားနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ပြည်တွင်းမှအလှူရှင်များက လှိုင်ကော်မြို့ ရေဘေးသင့်ပြည်သူများအား ဘုရားဆင်းတုတော်၊ သင်္ကန်း၊ ဆန်နှင့် လှူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက လှိုင်ကော်မြို့ သာသနာ့ဗိမာန်တော်ကြီး၊ ဥတ္တရာရုံပရိယတ္တိစာသင်တိုက်နှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းများ၌ ကျင်းပခဲ့သည်။ ထို့နောက် တာဝန်ရှိသူများက ပြည်တွင်းမှအလှူရှင်များက လှူဒါန်းသည့် ဉာဏ်တော် ၉ လက်မ ဘုရားဆင်းတုတော် ၇၇ ဆူနှင့် သင်္ကန်း ၅ စုံ တို့အား ပြည်နယ်သာသနာရေးဦးစီးဌာနသို့ လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ လှူဒါန်းသည့် ဆန် ၁၂ ပြည်အိတ် ၁၃၅ အိတ်နှင့် အိန္ဒိယနိုင်ငံမှလှူဒါန်းသည့် လှူသုံးကုန်ပစ္စည်း ၂၀ မျိုးတို့အား ရေဘေးသင့်ပြည်သူများသို့ လည်းကောင်း အသီးသီးပေးအပ်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စဉ်ဆက်ပညာရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်ပွဲ ကျင်းပ

ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၌ ပညာရေးဝန်ကြီးဌာနနှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်(၄)မြို့နယ် စဉ်ဆက်ပညာရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၂၈ ရက် နံနက် ၉ နာရီက ကျိုင်းတုံတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပသည်။ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌဦးဇော်လွင်ဦးက အဖွင့်အမှာစကား ပြောကြားပြီး ရှမ်းပြည်နယ်ပညာရေးမှူးရုံး(ရုံးခွဲ)ကျိုင်းတုံမှ ညွှန်ကြားရေးမှူး ဒေါ်နော်ရည်က စဉ်ဆက်ပညာရေးလုပ်ငန်း နည်းပြသင်တန်းဖွင့်လှစ်ရသည့် အစီအစဉ်များနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းဖြတ်နှင့် မိုင်းယောင်းမြို့နယ်များတွင် ဆောင်ရွက်မည့် အစီအစဉ်များအား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## စိုက်ပျိုးရေးနှင့်မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသားများ ကွင်းဆင်းလေ့လာ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့အတွင်း စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ဒေသဗဟုသုတ ရရှိစေရန် ရည်ရွယ်၍ စိုက်ပျိုးရေးနှင့်မွေးမြူရေး အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား အောက်တိုဘာ ၂၇ ရက် နံနက်ပိုင်းက ကျောင်းတွင်းဘာသာရပ်များ သင်ကြားမှုအပြင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် ကျောင်းပြင်ပ ကွင်းဆင်းလေ့လာရေးခရီးကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြင်းခြံမြို့၌ ခရိုင်၊ မြို့နယ် ဌာနပေါင်းစုံ စုပေါင်းမဟာဘုံကထိန် ဆက်ကပ်လှူဒါန်း



**မြင်းခြံ အောက်တိုဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့တွင် ခရိုင်၊ မြို့နယ်ဌာနပေါင်းစုံ စုပေါင်းမဟာဘုံကထိန် အလှူတော်ပွဲကို ယနေ့ နံနက် ၉ နာရီက မြင်းခြံမြို့ မင်းကျောင်းတိုက်တွင် ကျင်းပခဲ့သည်။

မြင်းခြံမြို့နယ် ခရိုင်၊ မြို့နယ် ဌာနပေါင်းစုံ စုပေါင်းမဟာဘုံကထိန်အလှူတော်ပွဲကို 'နမော တဿ' သုံးကြိမ်ရွတ်ဆို၍ အခမ်းအနား ဖွင့်လှစ်ခဲ့ကြပြီး မင်းကျောင်းတိုက် မဟာနာယက ဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ ငါးပါးသီလခံယူဆောက်တည်ခဲ့ကြပြီး သံဃာတော်တို့ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများက တရားတော်များကို နာယူခဲ့ကြသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးမင်းအောင်နှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းစိန်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများမှ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများအား ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုအစုစုအတွက် မင်းကျောင်းတိုက် မဟာနာယက ဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။ ထို့နောက် ခရိုင်၊ မြို့နယ် ဌာနပေါင်းစုံ စုပေါင်းမဟာဘုံကထိန်အလှူတော်ပွဲ အခမ်းအနားအား 'ဗုဒ္ဓသာသနံစိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

မြင်းခြံမြို့နယ် ခရိုင်၊ မြို့နယ် ဌာနပေါင်းစုံ စုပေါင်းမဟာဘုံကထိန်ငွေကျပ်ဆက်ကပ်လှူဒါန်းရာတွင် အလှူငွေနှင့် လှူဖွယ်ပစ္စည်းတန်ဖိုး စုစုပေါင်း ငွေကျပ် ၂၀၁၄၉၅၅၀အား ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၃၆၆)

# (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်သို့ ပဒေသာပင်များ လှူဒါန်း

**မန္တလေး အောက်တိုဘာ ၃၀**

မန္တလေး၊ တောင်စလင်းတိုက်သစ်၊ ဘာဝနာဌာန၊ ပဓာနနာယကဆရာတော် နယ်စပ်တောင်တန်းဒေသနှင့် ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ်ဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓေမဟာရဋ္ဌဂုရု ဦးဆောင်သည့် (၁၇)ကြိမ်မြောက် စုပေါင်းဘုံကထိန်တော်သို့ ရပ်ဝေးရပ်နီးမှ ပဒေသာပင် တစ်ပင်လျှင် ငွေကျပ် တစ်သိန်းတစ်သောင်းဖြင့် လှူဒါန်းကုသိုလ်ပြုလျက်ရှိသည်။ ရန်ကုန်မြို့နေ အလှူရှင် ဒေါက်တာမေဆည် မိသားစုက ပဒေသာပင် သုံးပင်ကို ယမန်နေ့က လှူဒါန်းကုသိုလ်ပြုလျက်ရှိရာ ဗုဒ္ဓဘာသာသာသနာပြန့်ပွားရေးအသင်းချုပ် (မန္တလေး)ကော်မတီဝင် ဦးစိုးနိုင် (ခ)ဦးအောင်စိုးနိုင်(တရားလွှတ်တော်ရှေ့နေ)နှင့်အဖွဲ့က ယမန်နေ့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြော၍ ဂုဏ်ပြုလွှာကို ပြန်လည်ပေးအပ်သည်။ အလားတူ မန္တလေး၊ အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဗန်းမော် ကညန ခရိုင်ဦးစီးမှူး ဦးစောဝင်းလှိုင်+ဒေါ်ခင်သန်းရီ(လ/ထညွှန်မှူး-ငြိမ်း)က ပဒေသာပင် တစ်ပင်၊ မန္တလေး၊အောင်မြေသာစံမြို့နယ်နေ အလှူရှင် ဦးနေဝင်းအောင် (ဆက်သွယ်ရေး)+ဒေါ်အေးယုယုမော်နှင့် (အစ်မ)ဒေါ်ရွှေရည်ဝင်းမော် မိသားစုက ပဒေသာပင် တစ်ပင်၊ မန္တလေးမြို့နေ အလှူရှင် ဦးတင်မောင်+ဒေါ်ယဉ်ကြည်တို့အားရည်စူး၍ ဦးစိန်မြင့်+ဒေါ်မြမြဆွေ(ကညန-ငြိမ်း)မိသားစုက ပဒေသာပင် တစ်ပင်၊ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်နေ ဦးစု+ဒေါ်ကြည်(သမီး)ဒေါ်အေးကြင်တို့အားရည်စူး၍ ဒေါ်ကြူကြူ မိသားစုက ပဒေသာပင်တစ်ပင်၊ အမေရိကန်နိုင်ငံ Houston နေ အလှူရှင် ဦးသန်းရွှေ တစ်နှစ်ပြည့် ရည်စူး၍ (ဇနီး)Mars Rodica Shwe မိသားစုက တစ်ပင် အသီးသီးလှူဒါန်းကြကြောင်း သိရသည်။

(အောက်ပုံ)

(ကဆ)




# ရာသက်ပန် ဆွမ်းပဒေသာပင် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၃၀**

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ယမန်နေ့ နံနက်က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေပေးအပ်ခြင်း ပြုလုပ်သည်။

ရှေးဦးစွာ အလှူရှင်မိသားစုက ကျောင်းအုပ်ဆရာတော်အမှူးပြုသော ကထိက ဆရာတော်များ သင်တန်းသား သံဃာတော်များအား အရဏ်ဆွမ်းဆက်ကပ်သည်။

ထို့နောက် ကျောင်းအုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကေသဝ (မွှာစရိယ B.A)ထံမှ ရေစက်ချအနုမောဒနာတရားနာယူကြည်ညိုကြပြီး မန္တလေးမြို့နေ ဖခင် ဦးခင်မောင်ကြီး(ခရိုင်စာရင်းစစ်အရာရှိ-ငြိမ်း) မိခင် ဒေါ်ခင်ဆွေတင့်တို့အား ရည်စူး၍ သား ဦးဇော်နိုင်+ဒေါ်စန္ဒာမောင် မိသားစု တို့က ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် ယခင်လှူဒါန်းပြီး ကျပ် ၁၅ သိန်း၊ ဖြည့်စွက်ရာ သင်တန်းကျောင်း ဥပဋ္ဌာကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သီဟသုမ္မေမဏိဇောရေ ဦးချစ်ထွန်းက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၃၆)



မျက်စိလှူကြ
မျက်ကြည်ရ
မြတ်သည့်
လှူဒါန်း။

# ကထိန်တော်အလှူ ဆိုသည်မှာ

မြန်မာ့တစ်ဆယ့်နှစ်လရာသီမှာ ထူးခြားသောနေ့ရက်နှင့် ရာသီပွဲတော်များရှိရာ မြန်မာလူမျိုးတို့ သိမှတ်စရာကောင်းလှပေသည်။ သို့ကြောင့် မည်သည့်လတွင် မည်သည့်ပွဲတော်ရှိသည်။ ရာသီရုပ်မှာ မည်သို့ရှိသည်၊ ရာသီပန်းမှာ မည်သို့သောပန်းအမျိုးအစားပွင့်သည်ကို တိကျမှန်ကန်စွာ မှတ်သားသိရှိသူ နည်းလှသည်။ လေ့လာမှတ်သားလိုသူများအတွက် မှတ်သားနိုင်ကြစေရန် ရေးသားတင်ပြအပ်ပါသည်။

၁။ တန်ခူးလ မိဿရာသီတွင် ရာသီပွဲတော်မှာ သင်္ကြန်ပွဲကျင်းပလေ့ရှိပြီး ရာသီရုပ်မှာ ဆိတ်သိုးပုံဖြစ်ပေသည်။ ရာသီပန်းမှာ တန်ခူးလတွင် ကံ့ကော်ပန်း ဖြစ်သည်။

၂။ ကဆုန်လ ပြိဿရာသီတွင် ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲတော် ကျင်းပလေ့ရှိပြီး ရာသီရုပ်မှာ နွားလားပုံဖြစ်ပေသည်။ ရာသီပန်းမှာ ကဆုန်လတွင် စံကားပန်းဖြစ်သည်။

၃။ နယုန်လ မေထုန်ရာသီတွင် ရာသီပွဲတော်မှာ စာပြန်ပွဲကျင်းပလေ့ရှိပြီး ရာသီရုပ်မှာ မိန်းမ ယောကျ်ားပုံဖြစ်ပေသည်။ ရာသီပန်းမှာ နယုန်လတွင် စံပယ်ပန်း ဖြစ်သည်။

၄။ ဝါဆိုလ ကရကဋ်ရာသီတွင် ရာသီပွဲတော်မှာ ဝါဆိုပွဲ(ရဟန်းခံရှင်ပြု)ဖြစ်ပြီး ရာသီရုပ်မှာ ပုစွန်လုံးပုံ ဖြစ်ပေသည်။ ရာသီပန်းမှာ ဝါဆိုလတွင် မုလေးပန်း၊ ပုန်းညက်ပန်း တို့ဖြစ်သည်။

၅။ ဝါခေါင်လ သိဟ်ရာသီတွင် ရာသီပွဲတော်မှာ စာရေးတံမဲပွဲဖြစ်ပြီး ရာသီရုပ်မှာ ခြင်္သေ့ပုံဖြစ်ပေသည်။ ရာသီပန်းမှာ ဝါခေါင်လတွင် ခတ္တာပန်း ဖြစ်သည်။

၆။ တော်သလင်းလ ကန်ရာသီတွင် ရာသီပွဲတော်မှာ လှေသဘင်ပွဲဖြစ်ပြီး ရာသီရုပ်မှာ လှေစီးသတို့သမီးပုံဖြစ်ပေသည်။ ရာသီပန်းမှာ တော်သလင်းလတွင် ယင်းမာပန်း ဖြစ်သည်။

၇။ သီတင်းကျွတ်လ တူရာသီတွင် ရာသီပွဲတော်မှာ မီးထွန်းပွဲ(မီးမြင်းမိုရ်)ဖြစ်ပြီး ရာသီရုပ်မှာ ချိန်ခွင်ကိုင်ယောကျ်ားပုံဖြစ်ပေသည်။ သီတင်းကျွတ်လတွင် ရာသီပန်းမှာ ကြာပန်းဖြစ်သည်။

၈။ တန်ဆောင်မုန်းလ ဗြိစ္ဆာရာသီတွင် ရာသီပွဲတော်မှာ ကထိန်ပွဲဖြစ်ပြီး ရာသီရုပ်မှာ ကင်းမြီးကောက်ပုံဖြစ်သည်။ ရာသီပန်းမှာ တန်ဆောင်မုန်းလတွင် ခဝဲပန်းဖြစ်သည်။

၉။ နတ်တော်လ ဓနုရာသီတွင် ရာသီပွဲတော်မှာ နတ်ပွဲ(သက်ကြီးပူဇော်ပွဲ)ဖြစ်ပြီး ရာသီရုပ်မှာ လေးကိုင်သော လေးစွဲယောကျ်ားပုံဖြစ်သည်။ ရာသီပန်းမှာ နတ်တော်လတွင် သဇင်ပန်းဖြစ်သည်။

၁၀။ ပြာသိုလ မကာရရာသီတွင် ရာသီပွဲတော်မှာ မြင်းခင်းပွဲတော်ဖြစ်ပြီး ရာသီရုပ်မှာ မကန်းပုံဖြစ်သည်။ ရာသီပန်းမှာ ပြာသိုလတွင် ခွာညိုပန်းဖြစ်သည်။

၁၁။ တပို့တွဲလ ကုံရာသီတွင် ရာသီပွဲတော်မှာ ထမနဲပွဲကျင်းပပြီး ရာသီရုပ်မှာ အိုးထမ်းယောကျ်ားပုံ ဖြစ်သည်။ ရာသီပန်းမှာ တပို့တွဲလတွင် ပေါက်လဲပန်းဖြစ်သည်။

၁၂။ တပေါင်းလ မိန်ရာသီတွင် ရာသီပွဲတော်မှာ သဲပုံစေတီပွဲဖြစ်ပြီး ရာသီရုပ်မှာ ငါးကြင်းပွတ်ပုံဖြစ်သည်။ ရာသီပန်းမှာ တပေါင်းလတွင် သရဖီပန်း ဖြစ်သည်။

ထိုသို့လများနှင့် ပွဲတော်များ၊ ရာသီရုပ်၊ ရာသီပန်းများကို မှတ်သားသိရှိကြပြီး ယခုလဖြစ်သော တန်ဆောင်မုန်းလတွင် ကထိန်ပွဲ ပြုလုပ်လေ့ရှိကြောင်း သိထားကြပေသည်။

ကထိန်ဟူသော စကားလုံးသည် ကထိနဟူသော ပါဠိစကားလုံးမှ ဆင်းသက်လာခြင်းဖြစ်သည်။ ကထိန ကထိန်နိ် ကထိန်ဟူသော ဝေါဟာရစကားတစ်ခွန်းဖြစ်သည့် ကထိန်ခင်းခွင့်သည် သီတင်းကျွတ်လပြည့်ကျော် (၁)ရက်နေ့မှ တန်ဆောင်မုန်းလအတွင်း ခင်းခွင့်ရသောကြောင့် အချိန်ကာလတစ်ခုအတွင်းမှာ ခင်းကျင်းလှူဒါန်းကြရသဖြင့် ကာလဒါနဟု ခေါ်ဆိုကြသည်။ ကထိန်ခင်းကြရာတွင် စုပေါင်းလှူဒါန်းကြသည်ဖြစ်စေ၊ တစ်ဦးတည်းမှ ကထိန်ခင်းကြသည်ဖြစ်စေ၊ ကထိန်မှန်သမျှ မိုးပေါ်ကျ ကထိန်ခေါ်ဆိုမည်နိုင်ပါသည်။

အကြောင်းမှာ မိုးပေါ်က ကြလာသော ကြည်လင်သည့် မိုးသီးမိုးပေါက်ပမာ ဖြူစင်သောသဒ္ဓါတရားအရ ခင်းကျင်းလှူဒါန်းကြသော ပုံသကူသင်္ကန်းတွေကဲ့သို့ ဖြစ်ပေသည်။ ကထိန်ဆိုသည်မှာ စည်းကမ်းနည်းလမ်းတွေ ဝိနည်းတွေ သိမှတ်စရာတွေ များလှသည်။



Photo by Internet

ဥပမာအားဖြင့် ရဟန်းသံဃာတော်များသည် မိမိတို့ကျောင်းသို့ ကထိန်ခင်းခွင့် ကထိန်ဒါယကာ၊ ဒါယိကာမများမှ လာရောက်၍ မလျှောက်ထားပါက မိမိတို့၏ ခမည်းတော်၊ မယ်တော်တို့ပင် ဖြစ်လင့်ကစား ကထိန်မရသေးကြောင်း ပြောကြားတိုက်တွန်း နှိုးဆော်ခြင်း မပြုကြရပေ။

**မသိုးသင်္ကန်း လှူရှင်လန်း**

**'သဒ္ဓါအကျိုး၊ မသိုးသင်္ကန်း၊**
**လှူရှင်လန်းလျက်၊ ရဟန်းသံဃာ၊**
**အရိယာအား ပရိက္ခရာရှစ်စုံ**
**ရွှေစည်းခုံဝယ်'**

အင်းဝခေတ်ဆီသည်ရွာစား ဦးအောင်ကြီး၏ လူးတားကဗျာဖြစ်သည်။

အင်းဝခေတ်၌ တန်ဆောင်မုန်းလအခါဝယ်၊ မသိုးသင်္ကန်းရက်လုပ် လှူဒါန်းကြောင်း အထောက်အထားတစ်ခုပင် ဖြစ်သည်။ မသိုးသင်္ကန်းဟူသည်ကို မှတ်သားထားမိသည်မှာ တစ်နေ့တည်း အရုဏ်မတက်မီ အပြီးအစီးရက်လုပ်လှူဒါန်းသည့် သင်္ကန်းဖြစ်သောကြောင့် မသိုးသင်္ကန်းဟူ၍ မှတ်သားခဲ့ကြဟန် ဖြစ်နိုင်ပေသည်။ အမှန်မှာ ထိုမျှသာမဟုတ်ပါ။ မသိုးသင်္ကန်းဟူသည် ကထိန်သင်္ကန်းမှ ခွဲထွက်လာသော အမည်ဖြစ်သည်။ ကထိန်ခင်းခြင်းမြောက်သော အင်္ဂါ(၁၇)ပါးရှိသည့်အထဲတွင် မသိုးသောသင်္ကန်းဖြင့် ကထိန်ခင်းရခြင်းဟူ၍ အင်္ဂါတစ်ပါးပါရှိသည်။ သိုးသောသင်္ကန်းဖြင့် ကထိန်ခင်းပါက ကထိန်မမြောက်ပေ။

ဥပမာ ကထိန်ဒါယကာများက တန်ဆောင်မုန်းလဆန်း ၈ရက်နေ့ ကထိန်ခင်းရန် ကထိန်သင်္ကန်းကို လှူသည်။ ထိုသင်္ကန်းကို လှူသောနေ့၌ပင် အရုဏ်မတက်မီ ကထိန်ခင်းရသည်။ တန်ဆောင်မုန်းလဆန်း ၉ရက်အဝင် အရုဏ်တက်သွားလျှင် ကထိန်မခင်းကောင်းပါ။

**ကထိန်သင်္ကန်း အမျိုးအစား**

ကထိန်သင်္ကန်းဟု ပြောသည်ထက် ကထိန်လျာသင်္ကန်းဟူ၍ဆိုပါက ပိုမိုမှန်ကန်ပါမည်။ ရှေးခေတ်များကမူ ကထိန်သင်္ကန်း(၆)မျိုးကိုထား၍ ကထိန်ခင်းခွင့်ပြုခဲ့သည်။

အချိန်အခါကာလနှင့် ခင်းရသောသင်္ကန်း၊ ဝိနည်းတော်နှင့်ညီရမည့်သင်္ကန်း၊ အခန်းအကွက် ၂၄ခန်းပါသော ချုပ်ရိုးကြောင်းပါသင်္ကန်း၊ အထိအတွေ့ သာယာမှုမရှိစေရသော သင်္ကန်း၊ သစ်ခေါက်ဖန်ရည်ဆိုးသော သင်္ကန်းအစရှိသော သင်္ကန်းများ ဖြစ်သည်။

ခေတ်မီတိုးတက်လာသော ယနေ့ခေတ်တွင် ချည်သင်္ကန်းများ၊ ပိတ်စသင်္ကန်းများ၊ ပိုး၊ ဖဲ၊ ကတ္တီပါသင်္ကန်းများပေါ်ပေါက်လာသောအခါ ကုသိုလ်ရှင်တို့သည် မိမိတို့နှစ်သက်ဆန္ဒရှိရာ သင်္ကန်းအမျိုးအစားကို ရွေးချယ်၍ ဝယ်ယူလှူဒါန်းနိုင်ကြပါသည်။

**သင်္ကန်းအမျိုးအစား လွန်ဆန်းပြား**

ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံတို့မှလာသော ဘိုမတံဆိပ် မာတင်သင်္ကန်း၊ တရုတ်နိုင်ငံမှလာသော ဖဲသားရိုင်ဖယ်တံဆိပ် CYC သင်္ကန်း၊ ဆွစ်ဇာလန်နိုင်ငံမှလာသော ချည်သားကော်တွန်သင်္ကန်း၊ အမေရိကန်နိုင်ငံမှလာသော ထူးထူးဆန်းဆန်း ဝါးသင်္ကန်း၊ စင်ကာပူနိုင်ငံကလာသော ဇာသင်္ကန်း အစရှိသည့် ခေတ်ပေါ်သင်္ကန်းများ ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံတွင်မူ ထူးထူးခြားခြားကြာသင်္ကန်းရှိပါသည်။ ပဒုမ္မာကြာရိုးမှ အမျှင်လေးများကို ဆွဲငင်ယူကာ ချည်မျှင်၊ ချည်ခင် ထုတ်ယူ၍ သင်္ကန်းရက်လုပ်ပါသည်။ ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးညောင်ရွှေဒေသ ရွာတွေမှာ အလေ့အထတစ်ခုအဖြစ် တွေ့မြင်နိုင်ပါသည်။

**ဒကာလည်း မပန်း ရဟန်းလည်း ချမ်းသာ**
**ခဝဲပွင့်တုန်း တန်ဆောင်မုန်းကား၊**
**မချုန်းမိုးသား၊ တိုင်ထွတ် ဖျားဝယ်၊**
**ငါးပါးကျိုးရှိ၊ မီးပွင့်ညို၍၊**
**ပြည်ကြီးဖွယ်ရာ၊ သဒ္ဓါအကျိုး၊**
**မသိုးသင်္ကန်း၊ လှူရှင်လန်းလျက်၊**
**ရဟန်းသံဃာ အရိယာအား**
**ပရိက္ခရာရှစ်စုံ၊ ရွှေစည်းခုံဝယ်၊**
**ကြည်ရုံလှကျင်၊ ပွဲပုံယင်လျက်၊**
**အောက်ထက်ကျော်ရှိန် ညီယူချိန်သည်**
**ကထိန်လှူသင်္ကန်းတည့်လေး။**

ဆီသည်ရွာစား ဦးအောင်ကြီး၏ တန်ဆောင်မုန်းလအခါ အင်းဝမြို့ကြီး စည်ကားပုံကို ရေးဖွဲ့ထားသော လူးတားကဗျာကို ဖတ်ရှု၍ ပုဂံခေတ်နောက်ပိုင်း ကထိန်ခင်းကျင်းလှူဒါန်းခြင်းကို အင်းဝခေတ်တွင် ထွန်းကားခဲ့ကြောင်း မှတ်သားရပေသည်။

ကထိန်အလှူသည် နှမ်းနယ်ယိုရား သင်္ကန်းခေါင်းပါးသော ရဟန်းတော်များအား ကထိန်လှူဒါန်းရန်အတွက် ခွင့်ပြုခဲ့သော အလှူဖြစ်သည်။ သို့သော်လည်း ဟောင်းနွမ်းယိုရား သင်္ကန်းနည်းပါးသော ရဟန်းတိုင်းလည်း ကထိန်အလှူကို မခံနိုင်ပါချေ။ အင်္ဂါရှစ်တန်ကို ကောင်းစွာသိနိုင်စွမ်းသော ရဟန်းတော်သည်သာ ကထိန်အလှူကို ခံယူနိုင်သည်ဟု တရားနာကြားဖူးပါသည်။

ယနေ့ခေတ်ကာလတွင် ကထိန်ခင်းကျင်း လှူဒါန်းနေကြသည်မှာ အားကျစရာ ကောင်းလှသည်။ ကုသိုလ်အလုပ်ဟူသည်မှာ ဝီရိယစိုက်ထုတ် ကြိုးပမ်းရမှု ကြီးကျယ်သလောက် ကုသိုလ်အကျိုးပေးလည်း ကြီးကျယ်နိုင်လေရာ လုံ့လကြိုးကုတ် အားထုတ်ရသော ကထိန်တော်အလှူမှာ ထူးခြားသော အကျိုးကို ရရှိနိုင်သည်မှာ သေချာလှပေသည်။

**မင်းချမ်းသာ(ခတ္တန်း)**

# ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းသီးနှံ ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီး



**ပွင့်ဖြူ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ နှမ်း ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ တစ်မြို့နယ်လုံး ဆီထွက်သီးနှံ နှမ်းစိုက်ဧက ၁၂၁၄၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ နှမ်းစိုက်ဧက ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီးသွားပြီဖြစ်၍ သတ်မှတ်လျာထားဧကထက် ပိုမိုကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်သည်။

"ပွင့်ဖြူမြို့နယ်အနေနဲ့ ပြည်တွင်းဆီစားသုံးမှု ဖူလုံပိုလျှံစေဖို့နဲ့ စားသုံးသူ ပြည်သူတွေအတွက် ကျန်းမာရေးနှင့်ညီညွတ်ပြီး ဘေးကင်းလုံခြုံစွာ ဆီစားသုံးနိုင်စေရန်၊ ပြည်ပသွင်းကုန် အစားထိုးအနေဖြင့် ဆီထွက်သီးနှံတွေဖြစ်တဲ့ နှမ်း၊ နေကြာ၊ မြေပဲ၊ ပန်းနှမ်းစသည့် သီးနှံများကို စိုက်ပျိုးထုတ်လုပ်ပြီး ထွက်ရှိလာသော ဆီများကို ဈေးကွက်အတွင်း ဖြည့်တင်းရောင်းချပေးနိုင်ရန် ရည်ရွယ်ပြီး ဆီထွက်သီးနှံများကို(နွေ၊ မိုး၊ ဆောင်း)တစ်နှစ်ပတ်လုံး ကြိုးပမ်းစိုက်ပျိုးလျက်ရှိပါတယ်။ ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံဖြစ်တဲ့ နှမ်းစိုက်ပျိုးခြင်းကို ၁၂၁၄၂ ဧက လျာထား စိုက်ပျိုးခဲ့ရာ ယနေ့အထိ ၁၃၉၃၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးရေးနဲ့ပတ်သက်ပြီး အထွက်နှုန်းများ ကောင်းမွန်စေဖို့အတွက် ပေါင်ကြီးတင်စနစ် စိုက်ပျိုးနည်းတွေ၊ စိုက်ပျိုးရေးသွင်းအားစုတွေ စနစ်တကျ သုံးစွဲကြဖို့နဲ့ ပိုးမွှားရောဂါမကျရောက်အောင် ကြိုတင်ကာကွယ်နှိမ်နင်းရေးနည်းပညာများကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများ ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရာတွင် လျာထားစိုက်ဧကပြည့်မီစေရေး၊ အရည်အသွေးကောင်းသော သီးနှံအထွက်နှုန်းများရရှိရေး၊စိုက်ပျိုးရေးသွင်းအားစုများ စနစ်တကျသုံးစွဲရေးစသည့် စိုက်ပျိုးရေးအသိပညာပေးခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူများနှင့်ပူးပေါင်းကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့် နှမ်းမျိုးမှာ နှမ်းဖြူ ၊ စမုန်နက် နှမ်းမျိုးနှင့် သိပ္ပံနှမ်းနက်တို့ကို စိုက်ပျိုးကြသည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်းမှုရှိသဖြင့် ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရေးကို တစ်နှစ်ပတ်လုံးစိုက်ပျိုးကြကြောင်း၊ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီကလည်း နှမ်းစိုက်ဧက ၁၃၃၉၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ မြေပြင်စိုက်ဧက ၂၄၇၂၀ ဧက စိုက်ပျိုးနိုင်ခဲ့၍ လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကာ ယခု ဆောင်းသီးနှံစိုက်ပျိုးရာမှာလည်း နှမ်းစိုက်ဧက ၁၂၁၄၂ဧက စိုက်ပျိုးရန် လျာထားရှိရာ ယနေ့ထိ နှမ်းစိုက်ဧက ၁၃၉၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်သဖြင့် သတ်မှတ်စိုက်ဧကထက် ကျော်လွန်စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၄၅)



# ကျေးရွာအရောက် အခမဲ့ကွင်းဆင်းကုသပေး

**ကံမ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ကံမမြို့နယ်၌ မကွေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လက်လမ်းမီစေရန်နှင့် လူနာများ စိုက်ထုတ်ရသော ကုန်ကျမှုလျှော့ချရေးအတွက် မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များက အခမဲ့ကွင်းဆင်းကုသခြင်းကို ယမန်နေ့ မွန်းတည့် ၁၂ နာရီက အင်းဘဲကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ဆောင်ရွက်ခဲ့ကြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းငွေနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ရာတွင် သွေးပေါင်ချိန်တိုင်းတာခြင်း၊ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချိုသွေးချိုစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်း၊ သွားနှင့်ခံတွင်းကုသပေးခြင်း၊အမြင်အာရုံများ စစ်ဆေးပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့်ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဖိုလ်နှင့် ကျန်းမာရေးဆရာမများက အခမဲ့စမ်းသပ်စစ်ဆေးကုသပေးခဲ့ကြကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

# မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး)MERSA အသင်းသား၊ အသင်းသူများ၏ စုပေါင်းမဟာဘုံကထိန်တော် ကျင်းပမည်

**မန္တလေး အောက်တိုဘာ ၃၀**

မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(မန္တလေးတိုင်းဒေသကြီး) MERSA ဥက္ကဋ္ဌ ဦးအောင်တိုးနှင့် အသင်းသား၊အသင်းသူများ၊ မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း(ပြင်ဦးလွင်ခရိုင်)ဥက္ကဋ္ဌ ဒေါက်တာစန်းလှိုင်နှင့် အသင်းသားအသင်းသူများ၊စိန်ခြယ်စားသောက်ကုန်ထုတ်လုပ်ရောင်းဝယ်ရေးကုမ္ပဏီ-သုမေ့အိမ်ခြံမြေကုမ္ပဏီ ဦးအောင်တိုး+ဒေါ်လှလှဝင်း မိသားစုနှင့် တိုင်း/ခရိုင်၊ မြို့နယ်အသင်းသား၊ အသင်းသူများ၏ စုပေါင်းမဟာဘုံကထိန်တော်ကို နိုဝင်ဘာ ၁၀ရက်တွင် ပြင်ဦးလွင်မြို့၊ညံတောရပ်၊ဆင်ဖြူကံကျောင်းတိုက်တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါ စုပေါင်းဘုံကထိန်တော်ကို နိုဝင်ဘာ ၉ရက် ကထိန်အကြိုညနေ၌ လှူဖွယ်ဝတ္ထုပစ္စည်းများ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ခင်းကျင်းမည်ဖြစ်ပြီး ကထိန်အလှူတော်နေ့ နိုဝင်ဘာ ၁၀ ရက် နံနက် ၈ နာရီတွင် တေးဂီတဝိုင်းဖြင့် စတင်ဖျော်ဖြေကာ နံနက် ၁၀ နာရီခွဲတွင် ပင့်သံဃာတို့အား အတူတကွ ဆွမ်းဆက်ကပ်ခြင်း၊ မွန်းလွဲ ၂နာရီတွင် ကထိန်အနုမောဒနာတရားနာ၍ စုပေါင်းအတူတကွ ရေစက်သွန်းချခြင်းစသည့် အစီအစဉ်များဖြင့် ကျင်းပမည်ဖြစ်သည်။

ထို့အပြင် မဟာဘုံကထိန်တော် တက်ရောက်သူအားလုံးတို့အား ထောပတ်ပဲထမင်း၊ ဆိတ်သားနှပ်၊ ချဉ်ပေါင်လက်ခြားဟင်းရည်၊ငရုတ်သီးကြော်တို့ဖြင့် တည်ခင်း၍ စားသောက်စရာ အချိုပွဲတို့ဖြင့် ဧည့်ခံမည်ဖြစ်သည်။

ကထိန်လှူဖွယ်များ သင့်တော်သလို ကုသိုလ်ပြုလှူဒါန်းပါဝင်နိုင်ကြရန် နှိုးဆော်ထားရာ ပါဝင်လှူဒါန်းလိုသူများအနေဖြင့် မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း (မန္တလေးတိုင်းဒေသကြီး)ရုံးအဖွဲ့မှူး ဦးကျော်ကျော်မြင့် ဖုန်း ၀၉-၆၉၉၂၉၅၅၅၉၊၀၉-၇၉၈၆၆၂၉၄၀၀ (ပြင်ဦးလွင်ခရိုင်အသင်း)အတွင်းရေးမှူး ဒေါ်ကြည်ကြည်ထွန်း ဖုန်း ၀၉-၄၂၇၁၃၁၄၈၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

အောင်ကျော်ခ(မန္တလေး)

# အမည်ပြောင်းခြင်း

ဦးဝင်းဇော်ဦး၏ သမီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် Grade-5 တွင် ပညာသင်ကြားလျက်ရှိသော "မပိုးပိုး"အား အိမ်ထောင်စုစာရင်းအရ "မအိစုစုထက်"ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မအိစုစုထက်**



# ပင်းတယမြို့ တပေါင်းပွဲ ဈေးရောင်းပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ပင်းတယ အောက်တိုဘာ ၃၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ ရှေးဟောင်းရွှေဥမင်သဘာဝလိုဏ်ဂူတော်ဘုရား၏ ဗုဒ္ဓပူဇနိယတပေါင်းပွဲတော် ကျင်းပရာ ညောင်ညိုပင်တန်းတွင် ဈေးရောင်းပွဲတော်ကြီးအား ယမန်နေ့ နံနက် ၉ နာရီက စတင်ဖွင့်လှစ်ကျင်းပသည်။

အဆိုပါ ၁၂လရာသီ ဈေးရောင်းပွဲတော်ကြီးအား ရှမ်းပြည်နယ်၏မြို့တော် တောင်ကြီးမြို့၌ တောင်ကြီးတန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီး မကျင်းပခင်အချိန် သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်မှ တန်ဆောင်မုန်းလဆန်း ၆ရက်အထိ ဒေသနေဓနု၊ တောင်ရိုး၊ ပအိုဝ်း၊ ပလောင်၊ ရှမ်းအစရှိသော တိုင်းရင်းသားမိဘပြည်သူများနှင့် ရပ်နီး၊ရပ်ဝေး ဘုရားဖူးဧည့်သည်များ လာရောက်အပန်းဖြေအနားယူခြင်းနှင့် လိုအပ်သည့် အိမ်သုံးပစ္စည်းများ ဈေးနှုန်းမှန်ကန်စွာ ဝယ်ယူနိုင်ကြစေရန်ရည်ရွယ်၍ ဈေးရောင်းပွဲတော်အား ၁၀ရက်တိုင်တိုင် ဖွင့်လှစ်ရောင်းချလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) (၃၃၈)

# ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် ငှက်ပျောပက်များ ဖြန့်ဝေ

**မင်းလှ အောက်တိုဘာ ၃၀**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန်ရည်ရွယ်၍ ဇေယျာသီရိဈေးတွင် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ကြွပ်ကြွပ်အိတ်အစား ငှက်ပျောဖက်၊အင်ဖက်၊စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေး လက်ကမ်းစာစောင်နှင့် ငှက်ပျောဖက်များ ဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ် ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် ငှက်ပျောဖက်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှု လျှော့ချရေး အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

*-*-*-*-*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...
❖ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...
❖ တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန်အတွက် စာဖတ်ရန်လို...
❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...
❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ယခုကျင်းပမည့် အမျိုးသားအားကစားပွဲတော်ကြီးကို အားကစားပြိုင်ပွဲအဖြစ်သာ မရှုမြင်ဘဲ နိုင်ငံတော်အဆင့် အဓိပ္ပာယ်ရှိရှိ၊ အရည်အသွေးမြင့်မြင့်နှင့် စနစ်တကျအောင်မြင်အောင်ဆောင်ရွက်သွားကြရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်ဟု မှတ်ယူဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၃၀

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေးဦးစီးကော်မတီ စတုတ္ထအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ကျင်းပရေး ဦးစီးကော်မတီ နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၆ သို့ ○




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကျင်းပရေး ဦးစီးကော်မတီ စတုတ္ထအကြိမ်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## မြဝတီအမျိုးသမီးအသင်းကို အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်း



မြန်မာအမျိုးသမီးလိဂ် ၂၀၂၄ ပွဲစဉ်အဖြစ် ပဒုမ္မာကွင်းတွင် ယနေ့ညနေက မြဝတီ အမျိုးသမီးအသင်းနှင့် ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းက ၁ ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယနေ့ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းသည် ကစားသမားအချို့ အပြောင်းလဲလုပ်ကာ ပွဲထွက်လာခဲ့ပြီး မြဝတီအမျိုးသမီးအသင်းကို ရင်ဆိုင်ခဲ့သည်။ ထို့နောက် ပွဲစချင်း(၈)မိနစ်တွင် ဦးဆောင်ဂိုးရရှိခဲ့ပြီး ယွန်းဝတီလှိုင်၏ ဖြတ်တင်ပေးပို့မှုမှတစ်ဆင့် ဇင်မိုးပြည့်မှ ခေါင်းတိုက်သွင်းယူပေးခဲ့သည်။

ပွဲချိန် ဒုတိယပိုင်းတွင် ထပ်မံဂိုးရရှိရန် ယှဉ်ပြိုင်ခဲ့ကြသော်လည်း ဂိုးကန်သွင်းယူမှု အနည်းငယ်သာ ရရှိခဲ့ကြသည်။ ရရှိလာသော ဂိုးပေါက်ကန်သွင်းမှုအချို့တွင် အဆုံးသတ်အားနည်းမှုများကြောင့် ဂိုးများထပ်မံမြင်တွေ့ရခြင်းမရှိတော့ဘဲ ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက် အမျိုးသမီးအသင်းက ၁ ဂိုး၊ ဂိုးမရှိဖြင့် မြဝတီအမျိုးသမီးအသင်းကို အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်အမျိုးသမီးအသင်းသည် ပွဲစဉ် ၁၇ ပွဲကစား၊ ၁၂ ပွဲနိုင်၊ ၃ ပွဲသရေ၊ ၂ ပွဲရှုံး၊ ရမှတ် ၃၉ မှတ်ဖြင့် ဒုတိယနေရာတွင် ရပ်တည်နေပြီး လာမည့် နိုဝင်ဘာ ၉ ရက်၊ နောက်ဆုံးပွဲစဉ်အဖြစ် ISPE သုဝဏ္ဏကွင်းတွင် Myanmar အမျိုးသမီးအသင်းနှင့် ယှဉ်ပြိုင် Women League 2024 ရာသီ ကစားမည်ဖြစ်သည်။

(NGB)

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်)များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့)ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန